လွှချင်၊သူပြု၊ ပညာမှုသည်း၊ ဂုရုဆရာ၊ ဟုတ်တိုင်းမှာသည်၊ ဇာတာအာယု၊ မိတ္တုဆင်တိုင်၊ ယိမ်းယိုင်ယွင်းဖောက်၊ သက်ရောက်သက်ခတ်၊ စန်းလွန်းပြတ်နှင့်၊ ဥပါဒ်မိတ္တု၊ စန်းလက်မှုလည်း၊ တစ်ခုမကပ်၊ ကင်းစေတတ်သည်၊ မြတ်သောဆရာပညာတည်း။

ဖြေကြီးဆိုသည်မှာ၊ ဘုရားအင်္ဂတေကို ဆိုသည်၊
ဖြေငယ်ဆိုသည်မှာ သိမ်ဝင်ဆန်ကို ဆိုသည်၊
နေက်ကြီးဆိုသည်မှာ စနေမီးသွေးကို ဆိုသည်၊
နေက်ငယ် ဆိုသည်မှာ သိမ်ဝင်သပိတ်ကွဲကို ဆိုသည်၊

ရတနာဒိပ ဆုတောင်း

၁။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော၊ သမ္ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား၊ နမော၊ ရှိခိုးပါ၏၊

၂။ ရတနာဒိပ၊ တန်ခိုးလျှံသည့်၊ မဟာဂ္ဂဏ်၊ မြူမှုန်မှောင်ခွင်း၊ မင်းမင်းဆရာ၊ ပညာစိစဉ်၊ အညွန်းယှဉ်၍၊ကြည်ရှင်ထွန်းညှိ၊ ပူဇော်ဘိသား၊ သိဒ္ဓိအစု၊ ပညာမှုကြောဝီ၊ဃခုဆောစွာ၊ ဘယာပဉ္စဝီ၊ ငါးလီရန်မျိုး၊ ကြမ္မာညှိုး သုံးဆယ့်နှစ်၊ ရပ်ပြစ်ရှစ်တန် ဒဏ်လည်းဆယ်ထွေ၊ များထွေ့ဥပါဒ်၊ မကာဖ်မငြိ၊ ပြတတီသည်၊ ဆနဝုတိ ကင်းစေသောဝ်၊

၃။ ရပ်ရှစ်မျက်နှာ၊ သွားလေရာသည်၊ ဇနာလူများ၊ ကြင်နာပွား၍၊ သားရင်းအသွင်၊ မေတ္တာဝင်သည်၊ မြင်မြင်သမျှ ချစ်စေသောဝ်၊

၄၊ လောကပါလာ၊ နတ်လေးဖြာနှင့်၊ ဣန္ဒာ အကြား၊ အစထားသည်၊ နတ်များစောင့်ရှောက်၊ မ စေသောဝ်၊

၅။ သူရဿတီမယ်ဒေဝီနှင့်၊ စန္ဒီရက္ခာ၊ မိန္နရာမေ၊ စရှိပေ
သား၊ ကိုးဌထွဒေပီ၊ မဟေသီတို့၊ ပီဿဓမေတ္တာ၊ သားပမာ
လျှင်၊ မချာနိစ္စ မ,စေသောဝ်။

၆။ သူ့ဇံ့ပ,မ၊ ဂေါမန္တဟု၊ ဒေဝါဒါးဖြာ၊ နတ်သမာ
လည်း၊လိုရာအောင်ဆ ပေးစေသောဝ်။

၇။ သတ္တဘာဂ၊ ဝါမသူရာ၊ အစဖြာသား၊ မြဲစွာစောင့်
ကြပ်၊ ကိုယ်စောင့်နတ်ဟု၊ ခေါ်မှတ်တွင်လစ်၊ တစ်ကျိပ်နှစ်
လည်း၊ ကြင်ချစ်မြဲစွာ၊ကရုဏာဖြင့်၊မကွာနေ့ည၊မ့စေသောဝ်။

၈။ ဘုမ္မာရုက္ခ၊ အာကာသနှင့်၊ ပုဗ္ဗတအခေါင်၊ ဂူချောင်
မကျန်၊ ဘုံဗိမာန်၌၊ ပျော်စံနေပေ၊ ဒေဝဒေဝါ၊ နတ်များ
စွာလည်း၊သတ္တာတိသ၊ နတ်ဒေဝနှင့်၊ တကွအတူ၊ ချစ်ကြည်
ဖြူ၍ ထို့တူကောင်းကျိုး ပေးစေသောဝ်။

၉။ မိစ္ဆာဒေဝ၊ပေတ့အသုရကာယ်၊သွယ်သွယ်များပြား၊
ဓိမ်းအဝါးနှင့်၊ စုန်းကားတထွေ၊ ကဝေ့ဇော်ဂနီ၊ ယှဉ်မှီ
ဖမ်းစား၊ ဆိုးဝါးပယောဂ။ ဟူသမျှလည်း၊ ဒူရ့ဝေးစွာ
ရှိစေသောဝ်။

၁၀။ ဒုန္နိမိတ်မျိုး၊ ငှက်ဆိုးအစ။ နက္ခတ္တနှင့်၊ ပါပဂြဟာ၊
အမနာပ၊ အဝမင်္ဂလာ၊ အဖြာဖြာလည်း၊ လျှင်စွာ ယုံ
ပျောက်စေသောဝ်။

၁၁။ စီးပွားဥစ္စာ၊ မဟာလာဘ၊ လာဘ်ကြီးရ၍၊ ဒိန့်
ဒိန့်၊ ဆန်ရေစပါး၊ ပေါကြွယ်ဖြားသည်၊ စီးပွားလိုတိုင်း
တက်စေသောဝ်။

၁၂။ မင်းစိုးရာဇာ၊ ပေါင်းများစွာလည်း၊ မြင်သာ တခဏ၊ ဘိနေဟာ့ဖြင့်၊ ပီယမေတ္တာ၊ မိုးသို့ရွာသည်၊ ကြင်နာ အမြဲရှိစေသောဝ်။

၁၃။ ဂါထာမန္တရား၊ ဆေးဝါးအင်းပျံ၊ အတန်တန် လည်း၊ ဥုံခံမန်းမှုတ်၊ အားထုတ်လေဘိ၊ တဏှာဒ္ဒိဖြင့်၊ သိဒ္ဓိ စုံလင်၊ အကျိုးထင်သည်၊ စီရင်သမျှ ပြီးစေသောဝ်။

၁၄။ ကာယာသိဒ္ဓိ၊ ခေါင်တိုင်ဘို၍၊ မဆိမယ့်၊ အာဝုဓ မျိုး၊ ယမ်းထိုးသေနတ်၊ ပစ်ခတ်မှုပေါက်၊ အမြောက် စိန် ပြောင်း၊ ဓားကောင်းလေး၊ လေး၊ လှံ၊သစ်ချွန်၊ ဆူးငြောင့်၊ မနှောင့်နိုင်ဘိ၊ ဘေးမရှိသည်၊ မထိမရောက်၊ ကင်းစေသောဝ်။

၁၅။ အကျဉ်းအကြပ်၊ ထိပ်ခပ်ချည်နှောင်၊ အလှောင် အိပ်မျိုး၊ အကျိုးမရှိ၊ ပကတိ၊ မိမိကင်းလွတ်ရှိစေသောဝ်။

၁၆။ အို....ဟယ်အချင်း၊ မောင်မင်း-သံဟန်၊ တစ်တိုင်း တန့်သည့်၊ ကြောက်လန့်ရန်သူ ပြေးစေသောဝ်။

၁၇။ သားရဲတိရစ္ဆာန်၊ အတန်တန်နှင့်၊ မျက်မာန်ကြီးစွ၊ နာဂမျိုးရိုး၊ မြွေဆိုးမြွေကြမ်း၊ ဘေးဘယမ်း၊ အေးချမ်း အစဉ် ရှိစေသောဝ်။

ပြောင်း နမောဗုဒ္ဓာယျ သဗ္ဗသတ္တာ ဝိနဿန္တု။

× × ×

ထွက်တော့မည်

စီးပွားရေးလမ်းညွှန်ခေါ်

# လောကီသိပ္ပံ စွယ်စုံကျမ်းကြီး ထွက်တော့မည်

ဤစာအုပ်တွင် ပါဝင်သော ကဏ္ဍများ

ရွှေရည်စိမ်နည်း
ငွေရည်စိမ်နည်း
နီကယ်ရောင်စိမ်နည်း
လျှပ်စစ်မီးသွယ်နည်း
မော်တာအမျိုးမျိုးပြုပြင်နည်း
အင်္ဂလိပ်ဆေးကျမ်း
ဗေဒင်ကျမ်း
အိမ်ဆောက်ကျမ်းအပြင်

လောကီပညာ စွယ်စုံပါဝင်သော စီးပွားရေး

လမ်းညွှန်စာအုပ်ဖြစ်ပေသည်။

## မဟာဒီပံ မီးတိုင်ကြီး

အစီအရင်မှာ ရတနာဒီပံကဲ့သို့ပင် စီရင်လေ၊ ဖယောင်း မီးစာက အစ အလားတူပင် ပွဲမှာလည်း အလားတူပင် ဖြစ်ရာ စီရင်ပုံကို အကျယ်မညွှန်းတော့ပြီ။

မဟာဒီပံဆုတောင်းကိုသာလျှင် ပြပေအံ့။


## မဟာဒီပံ ဆုတောင်း

၁။ အနန္တလေးပါးတို့၏ ထွတ်ချာမဟာဓမ္မရာဇ်အစစ်ဖြစ်တော်မူကုန်သော ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ အရိမေတ္တေယျ ဟူသော ငါးဆူသော ဘုရားရတနာ၊ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်း လေးထောင်ကုန်သော တရားရတနာ၊ မဂ်၄ တည်သော ပုဂ္ဂိုလ်လေးယောက်၊ ဖိုလ်၄တည်သော ပုဂ္ဂိုလ်လေးယောက်၊ သာသနာတော်မြတ်ကို ချီးမြှောက် ဆောင်ရွက်တော် မူကြကုန်သော သမုတိသံဃာတော် မြတ်အား ကျွန်ုပ်ရှိခိုးပါ၏။

၂။ မဟာဒီပံ၊ တန်ခိုးထန်သော၊ မီးလျှံပြောင်စင်း၊ ပူဇော်ခြင်းကြောင့်၊ ခပင်းရောဂါ၊ များစွာရန်သူ၊ ဆယ်မူဘေးဒဏ်၊ ရှစ်တန်သောအပြစ်၊ မနှစ်ပယ်ရှား၊ နှစ်ဆယ့်ငါးပါးသော ဘေး၊ ဝေးဝေးကင်းကွာ၊ ၁၆ဖြာသော မဟာဥပဒ်၊ မကပ်စေရ၊ ဒွတ္တိံသဟု၊ နှစ်ဆသုံးဆယ်၊ ဖယ်လေကြမ္မာ၊ ရောဂါ ဆနဝုတိ၊ ကင်းစင်ဘိ၍၊ မထိကိုယ်ဝယ်၊ လွင့်ပြောက်ပယ်၍၊ မတွယ်ရှင်းရှင်း ကာစေသော်။

နိုင်သော လက်တွေ့မဟာဒီပကြီး၏ အညွှန်းကို

စာမျက်နှာနံပါတ် (၈၂) တွင် ကြည့်ပါလေ



၃။ ရှစ်ရပ်ဒီတာ၊ သွားလေရာလည်း၊ ကြင်နာသက်မျှ၊ သာဘာ-လာဘာ၊ လာဘ်မိုးရွာ၍၊ ချမ်းသာစီးပွား၊ ရောက်စေသောဝ်။

၄။ မာဃဏ္ဍန္ဒာ၊ အသူရာနှင့်၊ ဒေဓါဒေဝ၊ စသည်ကျော်သောင်း၊ နတ်အပေါင်းလည်း၊ ကောင်းချီးယခု မစေသော်။

၅။ သူရဿတီ၊ စန္ဒီပရမီသွာ၊ မဟာပိန္နဲ၊ လွန်ကဲကျော်စော၊ ဂေါရမန္တ၊ ဒေဝသမာ၊ နတ်တကာလည်း၊ လိုရာယခုပေးစေသောဝ်။

၆။ တစ်ဆယ့်နှစ်ပါး၊ ထင်ရှားတုန်လတ်၊ ကိုယ်စောင့်နတ်၊ စသည့်ဒေဝီ၊ အညီကိုးပါး၊ မတ်မင်းများလည်း၊ ဆပွားင်နှာ၊ မေတ္တာဆု၊ ယခုပေးစေသောဝ်။

၇။ သုံးဆယ့်တစ်တန်၊ ဝေယံဘုံဖျား၊ နတ်အများလည်း စုစေသောဝ်။

၈။ ဇမ္ဗူဒီပါ၊ မြေမျက်နှာထက်၊ တစ်ကိုင်းတစ်ခက်၊ တစ်ရွက်မလပ်၊ စောင့်ကြပ်နေထ၊ ရုက္ခဒေဝါ၊ ဘုမ္မာကာသ၊ ကြီးစွာတောဇာ၊ စိုးအုပ်ကာဖြင့်၊ မဟာဂီရိ၊ နှံ့သိကျော်လှတ်၊ အိမ်စောင့်နတ်က၊ မလပတစ်သီး၊ ဘုန်းကြီး-ဘုန်းငယ်၊ သုံးဆယ့်ခုနစ်ပါး၊ ဤနတ်များလည်း၊ ထင်ရှားကောင်းကျိုးဆောင်စေသောဝ်။

၉။ မဟာဒီပံ၊ မီးလျှံထိန်ဝါ၊ မောက်ဖြိုးကွာသို၊ မျက်မာန်ကြွမ်းကြုတ်၊ ကျွန်ုပ်ရန်သူ၊ ဟူဟူသမျှ၊ ခွာထဝေးစွာ၊ ယူဇနာလျှင်၊ တစ်ရာမျှလောက်၊ လွင့်ပါးပျောက်စေသောဝ်။

၁၀။ အိမ်တွင်း-အိမ်ပြင်၊ စုန်းလှုင်နတ်ရဲ၊ ခွာရှဲမိစ္ဆာ၊ သီဟာဗျူလ္လ၊ ဝါဋ္ဋစံခံအောင်း၊ မကောင်းအသံ၊ ငှက်ပျံ-ငှက်ဝဲ၊ ကြွက်ခဲတဝ၊ ဂြိုဟ်ပါပတို၊ သီရိဖြိုးဝေ ပျောက်စေသောဝ်။

၁၁။ ရောင်းဝယ်ဖောက်ကား၊ စီးပွားချမ်းသာ၊ ကုန်သွယ်ရာလည်း၊ ရာထောင်မကာ၊ လိုတိုင်းတချို ရစေသော်ဝ်။

၁၂။ သီးနှံကောက်ပဲ၊ မြောက်ကာကြွဘိ၊ မလွဲမြေဝယ်၊ ပင်ဖြစ်လွယ်ခဲ့၊ သီးနှံကောင်း၍ ရစေသောဝ်။

၁၃။ ရာဇစိုးမြတ်၊ မှိုခိုကပ်လှည်း၊ ချစ်အပ်ကြည်ဖြူ၊ သားအတူလျှင်၊ ကြည်ဖြူမေတ္တာ မျှစေသောဝ်။

၁၄။ ဆေးဝါးမန္တာ၊ ရွတ်သံဖွားဖွား၊ ပညာများလည်း၊ စိတ်ကချွယ်တိုင်း ပြီးစေသောဝ်။

၁၅။ ဘားနာ-စိန်-ဒန်း၊ သံနှင့်ပြဒါး၊ ဆေးဒန်း-ဒုတ္တာ၊ ယမ်းဆပ်ပြာဟု၊ သီလာ ကျောက်မျိုး၊ ပြရိုးတာယ၊ အစွင်းစကား၊ မြုပ်ထအမှု၊ ရှု-နှ-နတ်ဆေး၊ ရုပ်ဆေးလက်ဖွဲ၊ ခလွဲအဆောင်၊ ကြံတိုင်းအောင်၍၊ ဆောင်ဖိတိုင်း မြောက်စေသောဝ်။

၁၆။ သိဒ္ဓိဇေယံ၊ ထိုဒီပံတွင်၊ မီးဆွံထိန်စေ၊ မှောင်မျိုးချွေသို၊ စေနေသတ္တဝါ၊ ဘုံသုံးရွာတွင်၊ ချမ်းသာသုံခါ၊ ရောက်စေသောဝ်။

၁၇။ လေးသချာစေယ်၊ တစ်သိန်းကယ်သို၊ ဘုန်းကြွယ်မြတ်စွာ၊ ပြစေကာလျှင်၊ လိုရာခဏ၊ ဂြိုဟ်ဖွန်းပသို၊ ဘာစမျက်မှောက်၊ ကြံတိုင်း ပေါက်စေသောဝ်။

၁၈။ ဩောင်းအဌဝိသတိသမ္ဗုဒ္ဓါနံ၊ နဝလောကုတ္တရာ ဓမ္မံ၊ အသီညံမဟာသာဝကာနံ၊ နိယံမသွေ၊ ငါ့ဥကွောင်းဝယ် လျှောင်းစက်နေ၏၊ မဖောသကျ၊ သုဇမ္ပတိ၊ ဘုန်းရှိသိကြား၊ သုံးပါးသုံးကျိပ်၊ ရွှေဝယ်အိပ်၏၊ လျှံထိန်ဝင်းဝါ၊ ဗြဟ္မာနှစ် ဆယ်၊ နှောင်ဝယ်မသွေ၊ အမြဲနေ့နေ၏၊ မုခေထောတာ၊ စကြွ စသည့်၊ လောကပါလာ၊ ဒေဝါမည်မှတ်၊ သူရဿတီ၊ တစ်လီ စက္ကာဝါ၊ နေကာနတ်က၊ ရင်ဝယ်သ၊၏၊ လက်ကပိသနိုး၊ တန်ခိုး ကြီးလှ၊ ကေသရာ့နှင့်၊ အနန္တစကြာဝဠာ၊ များစွာသိန်း သောင်း၊ နတ်ပေါင်းကုဋေ၊ ရလျက်နေ၏၊ ခြေဝယ်ဂဠုန်၊ ခေါင်းမှဂနဂါး၊ အမြဲထား၏၊ များသည့်ယက္ခ၊ စသည့်ဂုမ္ဘဏ်၊ ပဏ္ဏုကာလ၊ ကေသရနှင့်၊ တိဏဟူသည်၊ လေးဆူစောင့် ရှောက်၊ ဆီး၍ဖောက်သည့်၊ ထွန်းတောက်စောဇော၊ အာန အောင်ကြောင့်၊ ဓား၊လှံ၊လေးမြား၊ မီးမွှားသေနတ်၊ ပစ်ခတ် မမှန်၊ သစ်ချွန်သန၊ ဆူးငြောင့် စသည်၊ မရှမီးပေါက် ■ီးစေသောဝ်။

၁၉။ ကြည့်လျှင်မမြင်၊ ဖမ်းလျှင်မမိ၊ ဇ■■အရော၊ မိန်းမမှာ လှည်း၊ မျက်နှာမြင်တိုင်း၊ ချစ်စေသောဝ်။

၂၀။ အမှောင့်အဟန့်၊ ဟာစ်တိုင်းတန့်သည်၊ ကြောက်ဆန့် ရန်သူ ဝေးစေသောဝ်။

၂၁။ တောဝယ်ဇနြွား၊ မြွေကင်းသား၊ သစ်၊ ကျား၊ ကြွံ့ဆင်၊ ကြည့်မမြင်သည်၊ နတ်ရှင်ဆီး၍ တားစေသောဝ်။

၂၂။ ကြိုးနှောင်ထိပ်ခတ်၊ သံခြေကျင်းလည်း၊ အကွင်း ■ျက်၍ ကျစေသောဝ်။


၂၃။ အိပ်မွေ့ဆာယာ၊ ကိုယ်တွင်ပ ါ၍၊ များစွာခွေးဝက်၊ သူအိမ်တက်က၊ ဟောင်ချက်မရှိ၊ မသိလူသူ၊ သေသောသူသို့၊ အိပ်မူမထ၊ နားကမကြား၊ အ့ သောလားသို့၊ နုတ်ကျားပိတ်ပင်၊ ဟန့်တား စေသောစ်။

၂၄။ အတတ်ဆေးဝါး၊ မန္တရားလည်း၊ စိတ်ထလိုတိုင်း ပြီးစေသောဝ်။

ဩြောင်း ဗုဒ္ဓံ ဓမ္မံ သံဃံ မံ ရက္ခတု ဩြောင်း။

* * *

အချုပ်ပို....ဘေးရန်ပျောက်ကင်း လာဘ်ခေါ်ခြင်းနှင့်
စီးပွားလာဘ်ရှင်နတ်လူ့အများ ချစ်သနားမည့် လက်တွေ့
မင်္ဂလာဒီပံအညွန်းကိုစာမျက်နှာ (၁၇)တွင် ကြည့်ပါလေ



## မင်္ဂလာဒီပံမီးတိုင်ကြီး

### စီရင်ပုံကား

၁။ ဥုံ ဗုဒ္ဓော လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန ဗုဒ္ဓ တေဇေန၊ သဒါဟောန္တု ပီယံမမ။
၂။ ဥုံ ဓမ္မောလောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။
ဧတေန ဓမ္မ တေဇေန၊ သဒါဟောန္တု ပီယံမမ။
၃။ ဥုံ သံဃောလောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏိနံ၊
ဧတေန သံဃ တေဇေန၊ သဒါဟောန္တု ပီယံမမ။
၄။ ဥုံ ဒေဝေါလောကေ သမုပ္ပန္နော၊
လာဘာယ သဗ္ဗပါဏိနံ။
ဧတေန ဒေဝ တေဇေန၊ သဒါဟောန္တု ပီယံမမ။

၎င်းလေးဂါထာကို မိမိပြုလုပ်သော ဖယောင်းတိုင်ကို အောက်မှ အထက်သို့လှန်ပြီး ရေးလေ၊ မည်သူမဆို ချည်မျှင် (၃၇)မျှင်ကို တစ်လုံးလုံး၍ ညာဘက်ကချည်မျှင်ကို အောက်က ထား၍ပတ်ရမည်။ ပျားဖယောင်း စစ်ပြီးသား ၂၅ ကျပ်သားဖြင့် ပြုလုပ်ရမည်၊ ဖယောင်းတိုင်တွင် လေးဂါထာရေးပြီးလျှင်ရွှေကိုးကျပ်ချပ်ချ၍တစ်နေ့လျှင် လက်နှစ်ဆစ်ခန့်ထွန်း။ မီးတိုင်ငြိမ်းလိုသျှင် ကွမ်းရွက်ကန်တော့ဖြင့် ငြိမ်းသတ်ရမည်၊

တန်ခိုးကြီးလိုလျှင် တော၏ အရပ်ကထွန်း၊ (အနောက်တောင်အရပ်)၊ ကျက်သရေမင်္ဂလာ တိုးတက်လိုသော် သီရိခေါင်အရပ်ကထွန်း(မြောက်အရပ်)၊ စီးပွားဥစ္စာကိုလိုသော် ခေါင်းရင်းတွင်ထွန်း၊ မိမိနှင့်ကွဲကွာနေသူတို့ ပြန်လာစေလိုလျှင် ဘုရားရှေ့တော်မှာထွန်း၊ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း ပျက်စီးလျှင် ၎င်းမီးတိုင်ကို ထွန်းပါလေ၊ ဘေးအပေါင်း ရန်တတာ ကင်းရှင်းပြီး စီးပွားလာဘ်ရှင် လူချစ် လူခင်ပေါများပြီး ကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်ဝအောင်မြင်စေလိမ့်မည်၊ အကျိုးကား အနန္တတည်း၊

၎င်းမီးတိုင်ကို ထွန်းသောအခါ ဆဒိသပါလသုတ်ကို တတ်အားသမျှ ရွတ်ပါလေ၊ မီးပူဇော်သည့်အချိန်မှ မီးငြိမ်းသည့်အထိ ရွတ်ဖတ်သရဇ္ဈာယ်နိုင်လျှင် ပို၍ကောင်း၏၊

× × ×

## မင်္ဂလာဒီပံ့ ဆုတောင်း

၁၊ အနန္တလေးပါးတို့၏ ကွန်ချာဓမ္မရာဇ်အစစ် ဖြစ်တော်မူသော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ ဟူသော ခုနစ်ပါးကုန်သော အစိန္တေယျတို့နှင့်ပြည့်စုံတော်မူသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ ဓမ္မက္ခန္ဓာအပေါင်း ရှစ်သောင်းလေးထောင်၊ အရိယာသံဃာတော်မြတ်တို့နှင့်တကွ ယခုထက်တိုင် သာသနာတော်မြတ်ကို အစွန်နိုပ် ရှိခိုးပူဇော် ဖူးမြော်ကန်တော့ပါ၏၊

၂။ ဤသို့ ကန်တော့ဖြီးလျှင် အံ့ချီးစရာ၊ မင်္ဂလာဒီပံ၊ မီးလျှံဝင်းဝင်း၊ ပူဇော်ခြင်းကြောင့်၊ ကင်းစင်းရောဂါ၊ ငါးဖြာရန်သူ၊ ဆယ်ပါးသောဒဏ်၊ ရှစ်တန်သောအပြစ်၊ မနှင်ပယ်ရှား၊ နှစ်ဆယ့်ငါးပါးသောဘေး၊ ဝေးစေကင်းကွာ၊ ၁၆ ဖြာသော မဟာဥပဒ်၊ မကပ်ဒွတ္တိသ္သ၊ ၁၂ ပါးသော ကံကြမ္မာ၊ ရောဂါဆနပုတိ၊ မရှိကိုယ်ဝယ်၊ လွှံန်မြောက်ပယ်၍ မတွယ်ရှင်းကွာ ဖြစ်စေသောဝ်၊

၃။ ရပ်ရှစ်ဒီသာ၊ သွားလေရာလည်း၊ ကြင်နာသက်မျှ၊ လာဘ-လာဘာ၊ လာဘ်မိုးရွာ၍၊ ချမ်းသာသုခ ရပေသောဝ်၊

၄။ ကြွက်ပွေးနဂါး၊ ယောကျ်ား မိန်းမ၊ မြင်တနှစ်သက်၊ တစ်ဝမ်းထွက်သို့၊ မပျက်မေတ္တာ မျှစေသောဝ်။

၅။ မာဃဏ္ဍာနဲ့၊ အသူရာနှင့်၊ ဒေဝါ ဒေဝ စသည် ကျော်သောင်း၊ နတ်အပေါင်းလည်း၊ စောင်းကျိုးစောင်မ လိုက်စေသောဝ်၊

၆။ တင်ကျိပ်နှစ်ပါး၊ ထင်ရှားကုန်လတ်၊ ကိုယ်စောင့်နတ်က စသည်အညီ၊ ဒေဝီကိုးပါး၊ မယ်မင်းများလည်း၊ သနားအောင် ဆုပေးစေသောဝ်၊

၇။ သူရဿတီ၊ စန္ဒီပရမီသွာ၊ မဟာပိန္နဲ၊ လွန်ကဲကျော်စောဂေါရမန္တ၊ ဒေဝသမာ၊ နတ်ငါးဖြာတို့၊ လိုရာတောင်းဆု ပေးစေသောဝ်၊

၈။ ဇမ္ဗူဒီပါ၊ မြေမျက်နှာထက်၊ တစ်ကိုင်းတစ်ခက်၊ တစ်ရွက်မလပ်၊ စောင့်ကြပ်နေ့ထ၊ ဘုမ္မရုက္ခ၊ အာကာသစိုး၊ ပိသာနိုးနှင့် တန်ခိုးကြီးစွာ၊ မဟာဂီရိ၊ နှံ့သိကျော်လတ်၊ အိမ်စောင့်နတ်က စသည့်တစ်သီး၊ ဘုန်းကြီးဘုန်းဝယ်၊ သုံးဆယ်ခုနစ်ပါ၊ နတ်မင်းများလည်း၊ ထင်ရှားအောင် ဆုပေးစေသောဝ်၊

၉။ မင်္ဂလာဒီပံ၊ မီးသျှိုဝါ၊ မှောင်မျိုးကွာသို့၊ မျက်ပါကြုတ်ကြုတ်၊ အကျွန်ုပ်ရန်သူ၊ ဟူဟူသမျှ၊ ခွာထဝေးစွာ၊ ယူဇနာလျှင်၊ တစ်ရာမျှလောက်၊ လွှင့်ပါးပျောက်၍၊ ရောက်စေသောဝ်၊

၁၀။ အိမ်တွင်းအိမ်ပြင်၊ စုန်းမင်းနတ်ရဲ၊ ကျွတ်ခဲတစ်ဝ၊ ဂြိုဟ်ပါပနှင့်၊ ဆနပုတ်၊ ကင်းစေဘိ၍၊ သီရိဖြိုးဝေ မောက်စေသောဝ်၊

၁၁။ ရောင်းဝယ်ဖောက်ကား၊ စီးပွားချမ်းသာ၊ ကုန်သွယ်ပါလည်း၊ ရာထောင်မက၊ လိုတိုင်းတက ရစေသောဝ်၊

၁၂။ ရာဇာစိုးမြစ်၊ မှီခိုလာဘ်မူ သက်မျှကြွယ်ဖွံ့၊ သားအတူလျှင်၊ စင်ဖြူရေတွာ မျှစေသောဝ်၊

၁၃။ ဆေးဝါးမန္တန်၊ ရွတ်အံ့ဖွားဖွား၊ ပညာများ လှည်း စိတ်ကားရွတ်ဆိုတိုင်း၊ ရစေသောဝ်။

၁၄။ ကုန်စိုက်-အနု၊ ပြီးမျိုးကာယ၊ အင်းမြှုပ်စေ သည့်၊ မန္တန်နတ်ဆေး၊ ရှပ်ဆေးလက်ဖွဲ့၊ ခလှဲ့အဆောင်၊ ကြံတိုင်းအောင်၍၊ ဆောင်တိုင်းမကြွာ၊ မြောက်စေသောဝ်၊

၁၅။ သိဒ္ဓိစေလျှံ၊ ထိုဒီပံကို၊ မိုးလျှံထိန်ဝေ၊ မှောင်မျိုးချေ၍၊ ဝေနေသဏ္ဌာန်ဝါ၊ ဘုံးသုံးရွာတွင်၊ ချမ်းသာသုခ၊ ရစေသောဝ်။

၁၆။ နှစ်သချော်ဝယ်၊ တစ်သိန်းကယ်စာည်း။ ဘုန်းကြွယ်မြတ်စွာ၊ မကြာခဏ၊ ဖူးတွေ့ရ၍၊ ယခုဘဝ၊ မျက်မှောက်တွင်ကြုံတိုင်းအောင်၍၊ ဆောင်တိုင်းမကြာ မြောက်စေသောဝ်။

* * *

## လောကဒီပံမီးတိုင်

ရတနာဒီပံကဲ့သို့ ဖယောင်းစသည် စီရင်ပြီးလျှင် မီးစာမှာ ရုပ်ပြစ်ရှစ်ပါးကိုရည်၍ ရှစ်မျှင်၊ တန်ခိုးတော်ဆယ်ပါးတို့ရည်၍ ၁၀ မျှင်၊ တစ်ဆယ့်ခြောက်ပါးသော ဥပဒ်ကိုမြင်၍ ၁၆ မျှင်၊ နှစ်ဆယ့်ငါးပါးသော ဘေးကိုရည်၍ ၂၅ မျှင်၊ ဒွတ္တိံသ ကြမ္မာကိုရည်၍ ၃၂ မျှင်၊ ဆနဝုတိ ရောဂါကိုရည်၍ ၉၆ မျှင်ထည့်လေ။

## လောကဒီပံအညွှန်း


ဇမ္ဗူဒီပါကျွန်းလက်ယာဝယ်၊ အာဏာတန်ခိုး၊ ဆင့်ဆင့်တိုးသား၊ရန်မျိုးကျလျော၊ ထင်ကျော်စောသည်၊ လောကဒီပံထွန်းလျှံပြောင်ညီး၊ မြတ်ဆီမီး၏၊ ကြီးဘိအကျိုး၊ ဘုန်း၊တန်ခိုးကို၊ အမျိုးလေးဖြာ၊ မှယ်သားလော့။

ရပ်ရွာစည်ပင်၊ သာစေချင်သော်၊ ရွာလယ်တွင်တီ၊ တစ်တိုင်ညှိလော့။

တစ်စီသူသာ၊ ကြံသောခါလည်း၊ ဆည်းဆာနေဝင်၊ ရှေ့ရပ်ခွင်က၊ ဆောလျှင်မကြာ၊ ညှိထွန်းပါလော့။

ဂုဏ်ဝါတစ်သီး၊ စစ်သူကြီးနှင့်၊ မတ်ကြီးမတ်ရာ၊ ကြံပြန်ပါလည်း၊ နေရာရပ်တွင်၊ ရှေ့တောင်ခွင်က၊ ရောင်ထင်လင်းလင်းထွန်းညှိလျှင်းလော့။

အချပ်ပို.... လောကဒီပံ မီးတိုင်ကြီး အညွှန်းကို
စာမျက်နှာနံပါတ် (၉၂)တွင် ကြည့်ပါလေ



အင်းနှင့်အရှင်၊ ကျစေချင်လည်း၊ လျှင်လျှင် ဖြေတင်၊ နောက်မြောက်ခွင်က၊ ကြည်စွာသဒ္ဒါ၊ ရှိတုံငြားတဲ၊ အိမ်ပါး ခန်းတွင်း၊ ခြေရင်းကထွန်း။

မှူခင်းတစ်ခြား၊ ဆန်စိမ်းဝါးနှင့်၊ ရေလား မီးငုံ၊ တွေ့ကာ ကြုံမူ၊ ဝသုန္ဒရေ၊ တိုင်လေပြီးကာ-တွင်းမှာ တစ်ထောင်၊ မှန်အောင်တူးလျက်၊ ရေစက်လည်းချ၊ တွင်းထဲကပင်၊ တော၀ ရှန်းရှန်းညှိကာထွန်းလော့။

တစ်ခန်းတစ်ရပ်၊ ကြီးမြတ်သသူ၊ ကြံတို့မူက၊ တစ်တောင် ထွာမှာ၊ ဖြစ်စေရာ၏၊ ဒေဝါတစ်ဖန်၊ နတ်ဆိုးကြံမူ၊ တမိုက် ဟူ၏၊ ကြီးသူမိဘ၊ ဆရာစသား၊ သုံးပါးရတနာ၊ ပြစ်မှား ပါမူ၊ ဆောင်ယူအပ်ထပီ၊ အိမ်ကိုပတ်၍၊ သုံးထပ်စေ အောင်၊ လှည့်ပြီးနောင်မှ၊ ညီးအောင်ရှန်းရှန်း၊ ကောင်းစွာထွန်း လော့။

ပတ်ဝန်းကျင်တွင်း၊ ဆရာချင်းမှန်၊ ပြုလုပ်ကြံသော်၊ တကဲ့သန်ထင်ရှား၊ မြတ်သူရားကို၊ တိုင်းသားဆုယူ ညှိပူဇော် လော့။

ရန်ဖော်စစ်ရောက်၊ ပစ်ဖောက်ရှာဖွေ၊ ဝင်မွေတိုက်ဖျက်၊ အရေးခက်လျှင်၊ နတ်ကြိုးစင်မှာ၊ ထွန်းချင်မှန်မှန်၊ ပြန်မှုကြည့် ဘဲ ညှိထွန်းမြဲတည့်။

အထဲမဏ္ဍာ၊ ကိုယ်ဥစ္စာကို၊ ခိုးလာယူသွား၊ ရှိအံ့ငြားမူ၊ တံခါးတွင်၊ ထွန်းစေချင်မှ၊ မီးလျှင်ကျမ်းလျှင်း၊ မယွင်း အမှန် ပို့လာပြန်၏။

မြမြဲစည်းစိမ်၊ အိမ်ရာတိုးပွား၊ များလိုဌြားမူ၊ ညွှတ်တွား
အစဥ်၊ ခေါင်းရင်းတွင်တည်၊နံပင်တည်ထား၊ ထွန်းတုံဌြားက၊
ပွားများစည်မြိုင်၊ ကြီးခိုင်သည်သာ။

အရာအထူး၊ မူးကြီးမတ်ရာ၊ သဲဒ္ဒါစေလို၊ စိတ်ကြည်ညိုက၊
ကိုယ့်နံအထက်၊ ခြောက်ရက်နံကား၊ အောက်ဌထားချ်၊ ခုနစ်
ပါးနံသွင်း၊ ထွန်းညိုလျှင်နူး၊ မယွင်းမုချ၊ လိုတိုင်းရ၏။

ဘယဘေးဒဏ်၊ ခပ်သိမ်းရန်လည်း၊ မီးသံခြစ်စစ်၊ မြေ
ပေါက်လှစ်က၊ ရှစ်ပေါက်ပြ၏၊ တေဇလျှံညီး၊ မြတ်ဆီမီးကို၊
သူကြီးမင်းတို့၊ ထွန်တုံးမြိုက၊ သုဝဏ္ဏတည့်၊ရွှေလှကောင်းမြတ်၊
ဆယ့်ငါးကျပ်တီ၊ပုဇော်ဘိဟူ၊ ရှေးသူဆရာ၊ ထားခဲ့မှာသည့်၊
ရောင်ဝါနေသို့ ထွန်းလင်းတည့်။

* * *



## လေးကျွန်းဒီပံမီးတိုင်

ဖယောင်းမီး၊စာ စသော အစီအရင်များကို ရတနာ ဒီပံ အလားတူ စီရင်လေ၊

## လေးကျွန်းဒီပံ အညွှန်း၊

ပြုဗ္ဗာဝိဒေ၊အာပရဂေါယာ၊ ဒီပေဇမ္ဗူ၊ ကုရုမြောက် စွန်း၊ ရောက်လျှံရွှန်းသည်၊ လေး ကျွန်း ဒီ ပံ၊ ဆီ မီး လျှံမူ။

ကံကြမ္မာမျိုး၊ ဂြိုဟ်ဆိုး စီးမြင်၊ အယှဉ် အ.ကပ် နက္ခတ်ပါဒ်ခိုက်၊ဥပဒ်ကြိုက် နှင့်၊ ဆိုးမိုက်မိစ္ဆာ၊ ပေမာ

နီက၊ပေတသူရာ၊ ဇုဏှာကဲဝေ၊ လေးထွေဇော်ဂနီ၊ ကာကနီ ကာကနဲ့၊ ပြုမြဲမှန်လှ၊ ပယောဂယုတ်၊ ဆရာယုတ်တို့၊ ပြုလုပ် တတ်ငြား၊ရုပ်ထားနံယှဉ်၊ မြေတွင်အင်းမြှုပ်၊ရုပ်မြှုပ်တဆိတ်၊ ခရုပိတ်၊ ကြိတ်လိတ်သေ၊ ခြေရာကောက်မျိုး၊ ဆိုးထွေများ ပြား၊ တလားကြီး၊ တလားငယ်၊ သွယ်သွယ်ဝဝ၊ ပြုထတုံငြား၊ အန္တရာက်များကို၊ ဘုရားငါးဆူ၊ ပန်ဆုယူ၍၊ အိမ်မှဦးရင်း၊ ခေါင်းရင်း၌၊ ထိန်လင်းလျှံငြိ၊ ပူဇော်ဘိက၊ မငြိဥပဒ်၊ တင်းပြတ်အန္တရာယ်၊ ဘေးမျိုးကွယ်လိမ့်။

ရွာလယ်ရပ်ခွင်၊ ကပ်ဆိုက်သွင်သို့၊ အကြင်အခါ၊ ရောဂါ ဥပါဒ်၊ ငြီကပ်တုံမြန်၊ သတ္တန္တရ၊ ဒုဘိက္ခဘည့်၊ အန္တရာကပ်မျိုး၊ ကြိမ်လေနိုးက၊ ကိုးဆူဘုရား၊ ရှိညွှတ်တွားလျက်၊ ထွန်းငြား မနှောင့်၊ ရွာလေးထောင့်တည့်၊ အမှောင့်ကင်းကွာ၊ စည်ပင် သာလိမ့်။

ရာဇာတစ်မျိုး၊ခိုးသားခားပြ အပအန္တရာယ်၊ မကြုံလွယ်ဖို့၊ ကိုယ်ဝယ်ရန်သူ၊ ကင်းစေဟူသော်၊ အိမ်မှုဗဟို၊ လယ်ချက် သို့၌၊ ဆောင်စိုလျှံရွှန်း၊ ညှိကာထွန်းလော့။

ပြည့်ဝအသရေ၊ ရွှေငွေစေနံ၊ ဆန်ရေစပါး၊ ပေါများ ကြွယ်ဝေ၊ ကောဋ္ဌဂါရာ၊ အိမ်ရာကျောင်းဟူ၊ လာဘ်ထောင်း ဖြိုးဝေ၊ ရလိုပေသော်၊ မသွေရှင်မြှုး၊ အရှေ့ဦး၌၊ တင့်ထူ လျှံရွှန်း၊ ညှိကာထွန်းလော့။

ဝန်းကျင်များစွာ၊ရာဇသဗ္ဗ၊ ဣတ္ထိယနှင့်၊ဇနပုဒ၊ ပြည်ရွာ အလုံး၊ ရှင်ပြုံးကြည်ညို၊ ချစ်စေလိုသော်၊ ကိုယ့်နံအပေါ်၊

ခြောက်သောင်နံများ၊ အောက်ကထား၍၊ မြတ်ဖျားရှေ့တွင် ထွန်းစီရင်လော့။

အကြင်သသူ၊ သည်းအူပြောင်းပြန်၊ အခံခက်လှ၊ ရောဂါရ၍၊ သေမျှနီးပါး၊ ခံစားတုံဘိ၊ နေမရှိမှု၊ ထိုထည့်သူ၏၊ နံမူထည့်ကာ၊ အိမ်ရာခေါင်းရင်း၊ ထွန်းတုံလျှင်း၍၊ ရှတ်ခြင်းအမှန်၊ ဂုဏ်တော်ပျံနှင့်၊ သမ္ဗုဒ္ဓေထည့်၊ ထွက်ရေကိုးခေါက်၊ ရွတ်လေမြောက်က၊ ချမ်းသာရအံ့။

ဒီပရတနာ၊ သညာမှည့်ရှန်း၊ လေးကျွန်းဒီပ၊ ဂုဏ်ဂုဏ်ကား၊ ဆိုရန်ခဲခက်၊နဲနက်သိမ်မွေ့၊ မကုန်လေကြောင့်၊ ဤရွှေ့ရှုသာ၊ ဆိုတုံပါတည်း၊ ပညာသခင်၊ ဉာဏ်လျှင်ကြီးစွာ၊ ထိုဆရာတို့၊ ခွင့်ခါမြှော်ခေါ်၊ ထွန်းညှိတော်မူ၊ အဟောင်စာဝ၊ ဣတ္ထိတစ်မျိုး၊ သိဒ္ဓိနှီးလိမ့်၊ ထက်မိုးအာကာ၊ မဆံ့ရာတည်း၊ ဧကာဇာလေးကျွန်း ဒီပတည်း။

* * *



ပဒေသာမိုးတိုင်

ရင်းမီးတိုင်ကို စီရင်လိုသော် နက္ခတ်ကြုံသည့်နေ့တွင် မှိုင်းကိုင်းစက္ကူတွင်၊ သေချာရေးချပြီး၊ မိမိလိုသူ၏နံကို အောက်ကွက်မှာသွတ်၊ ကိုယ့်နံသို့ အပေါ်ကသွတ်ပြီး ပျားဖယောင်းငါးမတ်သားကို ဖယောင်းတိုင်ပြုလုပ်ရမည်။ မီးစာမှာ ပရိတ်ချည်မျှင်ကို သက်စေ့ထည့်အင်းသုံးအင်းခံ၍ ဖယောင်းတိုင်သုံးတိုင်လုပ်၊ သုံးရက်ဆက်ပြီးထွန်း၊ မိမိကိုယ်၌ ဘေးအန္တရာယ်ရှိသော် အကြံအစည် မအောင်သော် ဘုရားကို ရည်မှန်းပြီးခေါင်းရင်းမှာထွန်း၊ တရားတပေါင်တွေ့သော် မြေကို တစ်ထွာခန့်တူး၍ ကြင်းထဲမှာထွန်း၊ ဝသုန္ဓြေကို တိုင်တည်ပြီးထွန်း၊ တရား တပေါင်နိုင်၏။ ပစ္စည်းပျောက်သော် တံခါးဝမှာထွန်းလျှင် ပြန်၍ရမည်။ ဆရာချင်းကြံသော် ဘုရားရှေ့တော်မှာ ထွန်းနိုင်၏၊ ရွာစည်ကားလိုသော် ရွာလယ် မြို့လယ်မှာထွန်း၊ အရာအထူး တိုးစေသော် အရှေ့တောင်ထောင့်မှာထွန်း၊ အကြီးအကဲ ဖြစ်လိုသော် အရှေ့မြောက်ထောင့်မှာထွန်း၊ တန်ခိုးကြီးလိုသော် ဒေတဇအရပ်မှာထွန်း၊ ဘုန်းကျက်သရေ တိုးတက်စေလိုသော် သီရိအရပ်မှာထွန်း၊ မီးတိုင်ကို ဂုဏ်တော် ၃၇ အုပ်စုတီပြီးမှ ထွန်းပါလေ။


* * *



ဤပဒေသာမီးတိုင်ကိုသဘော်ာစက္ကူတွင် ကောင်းစွာရေး၍ ပျော့ဖယောင်း ၅ ကျပ်သား မှန်စွာနှင့် သက်စော် (၈၀) ချည်မျှင်ကိုမီးစာပြု၍ မီးတိုင်လုပ်ပြီးနံ့ သာဝါးပါးရေနှင့်မက်၊ အရံ၈ ါထာနှင့် ၇ အုပ်စုတ်၍ထွန်း၊ ရန်ဘေးကင်း၏။

ဂုတ္တိယလိုသော် လိုသူ၏နံကိုထည့်ပြီး မီးစာကို မိမိသက် စေ့ထည့်၊ မွဲတစ်ပွဲပေး၊ ၎င်းပွဲကို နံ့သာဝါးပါး ရေပက်ပြီး လိုရာဆုကိုတောင်း၍ထွန်း၊ ပွဲတွေ့အကျော်တည်း။

× × ×



ပဒေသာမီးတိုင်

## မဟာသီဝလိမီးတိုင်ကျော်

၎င်းမီးတိုင်စီရင်ရန်မှာ ပန်းပေါင်း၊ မင်းပေါင်း၊ ဂမုန်းပေါင်း၊ နတ်ဆေးပေါင်းများနှင့်ဖျော်၍ မဟာသီဝလိမီးတိုင်ကို လိုသူ၏ လက်နှင့် တစ်ထောင် မှန်မှန်ယူ မြတ်သောနေ့နက္ခတ် ကမ္ဗတ် တွက်ချက်၍ အဝင်နက္ခတ် ကြုံသည့် အခါမှာ ၎င်းအင်းကိုရေးချလေ၊ ၎င်းမဟာသီဝလိမီးတိုင်တွင် မီးစာထည့်မန်မှာ မင်းကိုချည်-သိမ်ဝင် ချည်-ပရိတ်ချည် ရရာကို ထိုသူ၏သက်စေ့ ချည်မျှင်ကိုရေပြီး၍ ပျားဖယောင်း ၅-ကျပ်သားကို သုံးထပ်စစ်၍ ဖယောင်းတိုင်သဏ္ဍာန် ပြုလုပ်ပြီးလျှင် ရွှေပိန်းချပြီး အရံဂါထာနှင့် (၃၇)အုပ်စုတ်ပြီးသော အခါ စုံစုံစွာဖြင့် ငွေ ၂-ကျပ်တင်၍ မီးထွန်းလေ၊ ဖယောင်းတိုင် မီးမထွန်းမီ နံနက်ကို ရှင်သီဝလိကိုရည်မှန်း၍ ဆွမ်းရေချမ်း ကပ်လှူပြီးမှ ထွန်းပါလေ။ ဣစ္ဆိတံ ၇ ရက်အတွင်းမှာသိရပါလိမ့်မည်။

မီးထွန်းသော အခါမှာ လာဘ- မီယ- ကာယ- အနုအကြမ်း လိုရာဆုတောင်းပြီး ထွန်းပါက ၇ ရက်အတွင်းမှာ မိမိလိုရာပြီးမြောက် အောင်မြင်ပါလိမ့်မည်။

* * *

## ရဟန္တာမီးအိုင်

ဤရဟန္တာမီးတိုင်ကို မှန်ကန်စွာရေး၍ စနေနေ့-အင်္ဂါနေ့များကို မွဲစုံတင်ပြီး သူရဿတီကိုကန်တော့၍ ၎င်းအင်းကို ပြာချ၊ ပြာချပြီးလျှင် ၎င်းပြာကို စားဖွယ်သောက်ဖွယ်ဟူသမျှကို လက်ယာရင်သွေးနှင့် ပန်းညိုအညွန့် ရေနှင့်ရော၍ခပ်၊ ဂွတ္ထိယစွဲ၏၊ မီးထွန်းလိုသော် မျှားဖယောင်း ၅ ကျပ်နှင့် ပရိတ်ချည်မျှင်ကို မီးစာသက်စေ လုပ် ထွန်း၊ လိုသူ၏ နံ ထည့်၍ထွန်း။

## ရဟန္တာမီးတိုင်အညွှန်း


၎င်းရဟန္တာမီးတိုင်သည် အပြုစားမျိုး (၄၀) တန်ပြန်နိုင်၏၊ ရောဂါကင်းရှင်း၏၊ အရာအထူးတိုး၏၊ ဥစ္စာပျက်စီးသော် ၎င်းမီးတိုင်ကိုထွန်း၊ ပြန်၍တိုးတက်၏၊ တန်ခိုးကြီး၏၊ ကြံတိုင်းအောင်၏။


ခရီးသွားလျှင် ၎င်းမီးတိုင်ကိုထွန်း၍ကြည့် မီးမတောက်လျှင် မသွားနှင့်၊ မီးတောက်လျှင် သွားလေ၊ လှူဘ်သပ္ပကာပွားများ၏စီးပွားရေးတိုးတက်၏၊ စုတ်ရတတ်၏၊ အကျိုးကြီးသော ရဟန္တာမီးတိုင်ကျော် ဤမီးတိုင်ကို ပူဇော်ပြီးသည့်နေ့မှစ၍ ပစ္စည်းဥစ္စာများသည် သိသိသာသာကြီး တိုးတက်လိမ့်မည်၊ ပီယမှာ အကျော်၊ လာဘမှာအမော်၊ လက်တွေ့ပူဇော်ပါက ရဟန္တာကို ဆုတောင်းသကဲ့သို့ အမှုပေါင်း တို့ကို အောင်မြင်စေမည်။

* * *

အချုပ်ပို .. ရဟန္တာမီးတိုင်တော်ကြီး

အညွှန်းကို စာမျက်နှာ ၁၀၄ တွင် ကြည့်ပါ







## ပိယသိဒ္ဓိမီးတိုင်

ရင်းမီးတိုင်ကို ပုံတွင်ပါ သ ညို အ ထိုင်း သဘော်ဝစက္ကူ ရေးချ၍ ပျားဖယောင်း ၅-ကျပ် ရှစ်ပဲသား၊ မှန်မှန်ချိန်၍ မိမိ အဝတ် စ ကို ပေါင်း စပ်၍ ကျစ် ပြီး မီး စာ လုပ်၊ ဖ ယော င်း တိုင် လုပ်ပြီး လျှင် (ထံ ဃ မဈေ) ၃၇ အုပ်စုတ်၊ (မေတ္တာသွဲ) ၃၇ အုပ် စုတ်၊ (သံဂုံပမယျ) ၃၇ အုပ် စုတ်၊ (နယေပရံ ယုတ္တေပီယံ) ၃၇ အုပ် စုတ် ၍ ဓီ ရင် ပါ လေ၊ ( သ စ္စာ ထိန်း နိုင် မှု ထွန်းလေ)

## စီးပွားရေးမီးတိုင်



စီးပွားရေးမီးတိုင်

၎င်း မီး တိုင် အ ညွှန်းကား မှိုင်း ကိုင်း စက္ကူ မှာ မှန် ကန် စွာ ရေး ၍ ပျား ဖ ယောင်း စစ် ဖြင့် တစ် ကျပ် လေး ပဲ၊ ပရိတ် ချည်မျှင် ၃၇ မျှင်ကို မီး စာ လုပ် ၍ စီး ပွား ဥစ္စာ ကို လို သော် မိမိ ခေါင်းရင်း တွင် ဆု တောင်း ပြီး ထွန်း ဣတ္ထိယ ကို လို သော် မိမိအဝတ်စနှင့် လိုသူ၏ အ ဝတ်စ ကို ပေါင်းစပ်၍ မီးစာပြု လုပ် ပြီး ဘုရား ရှေ့ တော်မှာထွန်းသော်မိမိ လိုရာသို့ ရောက်မည်၊ သစ္စာရှိလေ၊

| | | | | |
|---|---|---|---|---|
| ၆ | ၇ | ၂ | ဇိနပါပ်ဇိန်သေဍ္ဍော | |
| ၁ | ၅ | ၉ | ဇိနပါပ်ဇိန်ဓမ္မော | ဇိနေ့ာရသံ ဇိန်ဂူရှ ဇိနပိဇံ ဇိန်နမေ |
| ၈ | ၃ | ၄ | ဇိနပါပ်ဇိန်သံယော | |

ငှင်းမီးတိုင်ကို စီရင်သောအခါမှာ အင်းဂဏန်း သွင်းပြီးမှ စီရင်ပါ၊ မီးတိုင်မှာ ပျားဖယောင်းစစ်ပြီး ငါးတံ၊ မီး၈ါ မှာ ပရိုတ်ချည်မျှင်ကို သက်စေ့ထည့် မီးတိုင်မှ၁တစ်ထွာ၊တစ် နေ့လျှင် လက်တစ်ဆစ်ခန့်ထွန်း၊ မကောင်းသော ဂြိုဟ်စီးကြိမ် နှင်း ကင်းစင်ပပျောက်ပြီး ကံဇာတာကောင်းပြီးလျှင် စီးပွား လာဘ်ရှင်ရမည်၊ ချစ်ခင်သူပေါများရမည်၊ ဘေးအပေါင်း ရန်အပေါင်းတို့ကို ပြေစေသည်၊လူမမာများကို ချမ်းသာစေ လိုလျှင် စမ္ပာနဝင်းခံ၍ ထွန်းပါလေ၊ ကိုးဆယ့်ခြောက်ပါး ရောဂါ ကင်းရှင်မည်။

---


**ထွက်ရပ်ပထမံဝိဇ္ဇာဆေးပါး ဂိုဏ်းတော်ကြီးမှ ဆရာတော်ဦး၊ရေဝတ၏**

# လက်တွေ့ပယောဂအင်းကျမ်းကြီး

ရုပ်ပုံအင်းတော်ကြီးပေါင်း တရာကျော်ကျော်နှင့် အင်း ဝိဇ္ဇာ ၁၂ ပါးပုံ၊ ဒေဝီခုနစ်ပါးရုပ်ပုံ၊ ရွှေဖျင်းညီနောင်ရုပ်ပုံ၊ မဏ်းတော ညီနောင်ရုပ်ပုံ၊ ရှင်သီဝလိ မီးတိုင်တော်များ၊ ရဟန္တာ မီးတိုင်တော်များအပြင် အင်းလက်ဖွဲ့ အမျိုးမျိုး၊ ကာယသိဒ္ဓိ၊ ပီယသိဒ္ဓိ၊ မနသိဒ္ဓိ၊ လိုလေသေးမရှိ သျှိပေါင်း စုံပါဝင်သော လက်တွေ့ ပယောဂကျမ်းကြီး။

လက်ကျန်စာအုပ် အနည်းအငယ်မျှသာ ကျန်ပါသဖြင့် မရ သေးသော မိတ်သင်္ဂဟအပေါင်း အမြန်မှာကြားတော် မူကြ မါမည့်အကြောင်း။

# ရတနာမီးတိုင်





၎င်းရတနာ မီးတိုင်အင်းကို မှိုင်းကိုင်း စက္ကူတွင်ချ ဖယောင်းတိုင်ပြုလုပ်၍ မီးထွန်းရမည်။

စီရင်သောအခါ ပျားဖယောင်းစစ်စစ်နှင့် ပြုလုပ်ပါလေ၊ ဖယောင်းအချိန်ကို ကန့်သတ်ရန်မလို၊ မီးတိုင်မှာ တညီဖြစ်ရမည်၊ ပြုလုပ်သောအခါမှာ ယောကျ်ားနံကို အပေါ်ကွက်မှာသွတ်ပါ၊ မိမိလိုသော မိန်းမနံကိုအောက်ကွက်မှာ သွတ်ပါလေ၊ မလာလျှင် မနေနိုင် ဒိဌလာမည်။

လူပျောက်၊ ကျွဲပျောက်၊ နွားပျောက်ရှိခဲ့ပါမူ လူပျောက်၏နံ့၊ ကျွဲပျောက်၏နံ့၊ နွားပျောက်၏နံ့၊ အောက်ကွက်မှာသွတ်၊ ကျွဲရှင် နွားရှင်၏နံကို အပေါ်ကွက်မှာသွတ်ပြီးဘုရားရှေ့မှာ ထွန်းပါလေ၊ ပြန်ရောက်လာပါလိမ့်မည်။

ဣတ္ထိယအတွက်ဆိုပါလျှင် သစ္စာရှိပါလေ၊ သစ္စာမရှိသော သူများကိုပြုလုပ်၍ မူဇေးနှင့် မွဲတေ့အကျော်။

* * *




ဤပီယသိဒ္ဓိ မီးတိုင်အညွန်းကား ယောကျ်ားက ဖြစ်စေ မိန်းမက ဖြစ်စေ ချစ်ခင်စုံမက် မတ္တာသက်ဝင်၍ ပေါင်းဖော်ပြီးကာမှ ဘေးလူများက နှောင့်ယှက် ဖျက်ဆီးခြင်း

ကြောင့် ဖြစ်စေ၊ မိမိ၏ ယောကျ်ားကဖြစ်စေ၊ မိန်းမက ဖြစ်စေ မချစ်မနှစ်သက်၍ ကွဲကွာရှောင်တိမ်း နေပါလျှင် ဖြင့်စေ၊ အ ပျိုလူပျိုများ ချစ်ခင် စွဲမက်စေလိုလျှင်ဖြစ်စေ၊ ၎င်းမီးတိုင်တော်ကို မှိုင်းကိုင်းစက္ကူပေါ်တွင် ရေးချ၍ စီရင်ပါလေ၊


အင်းချသောအခါ ပန်းပေါင်းများနှင့်ဖြစ်စေ၊ သို့မဟုတ် ရမုန်းပေါင်းနှင့် ဖြစ်စေ၊ မင်းပေါင်းနှင့် ဖြစ်စေ ရရာကို တှသ်ာပြဒါးရေနှင့် ဖျော်ပါလေ၊

၎င်းအင်းကို ချ၍ပြီးသော် မီးမထွန်းလိုသော် မိမိနေထိုင်သော အိမ်ခေါင်တိုင်ခြေမှာ မြှုပ်၍ထားပါက မိမိလိုအင်ဆန္ဒ ပြည့်ဝပါလိမ့်မည်၊ မီးထွန်းလိုသော် ပျားဖယောင်း၊ ငါးမတ်သား မှန်မှန်ရအောင်စစ်ပြီးယူ၊ မီးစာမှာ မိမိစတ်အော အစတ်စနှင့်ဆိုသူ၏ အစတ်ကိုနှစ်ခုပေါင်း၍ကျစ်၊ ဖယောင်းတိုင်မီးစာလုပ်ပြီး၊ ဖယောင်းတိုင်ကို ရွှေဘိန်းချပြီးလျှင် နတ်ကြီးစင်မှာ ပွဲစုံတင်ပြီး အောက်ပါဂါထာနှင့် (၃၃)အုပ်စုံတ် ပြီးလျှင် မိမိအလိုရှိရာကိုတောင်း၍ မီးတိုင်ကုန်ထွန်းပါလေ၊ လိုသောဆု ပြည့်ပါလိမ့်မည်၊

ဥုံ တုဋ္ဌေဟိ မနုတုဋ္ဌေဟိ ပီယေဟိ မမပီယေဟိ ဩြောင်း သဗ္ဗဗုဒ္ဓါနုတ္တံ ပူရိသံ့စိတ္တံ ပီယံမှိုင်းမှိုင်း၊


၎င်းဂါထာ (၃၃) အုပ်စုတ်၊

* * *



ငှင်းမီးတိုင်ကို စီရင်လိုမူ သဘော်ဘစက္ကူ၌တွင် မင်းပေါင်း ဂမုန်းပေါင်းများနှင့် ဖျော်၍အင်းချပါ၊ စီရင်သောအခါ အပေါ်နံအကွက်တွင် ပြုလုပ်သူ၏ နံသွတ်ပါ၊ အောက်ကွက် တွင် မိမိလိုသူနံသွတ်ပါ၊ ပျားဖယောင်းတစ်ကျပ်လေးပဲမှန်မှန် ချိန်ပြီး မီးစာမှာ ပရိတ်ချည်ကို သက်စေ ထည့်ဖယောင်းတိုင် လုပ်၊ ငှင်းဖယောင်းတိုင်တွင် ပရိတ်ချည် ၂၈ မျှင် ရစ်၍ ဘုရားငါးဆူကိုရည်မှန်းပြီး ထွန်းပါလျှင် လင်ကွဲ မယားကွဲ များအတွက် ခတ်ရိုက် ယတြာကောင်းလှ၏၊ ကံဇာတာ နိမ့်၍ဆော်လည်းကောင်း၊ ဘေးရန် ကင်းစေလိုသော်လည်း၊ ကောင်း၊ ငှက်တော်ဝင်ခြင်း၊ လင်းတနားခြင်း၊ ပျားစွဲခြင်း၊ သူပြုမကောင်းကြံခြင်း၊ ရှဉ်ထား၊ နံထား၊ အင်းမြှုပ်၊ အင်းထား များ၊ ငှင်းမီးတိုင်ထွန်းလျှင် ပြေပျောက် အေးငြိမ်းစေ၏၊ စည်းစိမ်ဥစ္စာ ပျက်စီးသော် အိမ်ရာခေါင်းရင်း၌တွင် ထွန်း၊ စီးပွားတက်၏၊ ရန်ရှိသောအခါထွန်းနှ်၊ အတိတ်နိမိတ် ပြလိမ့် မည်၊ ဘေးခပ်သိမ်း ကင်းငြိမ်း လွင့်ပျောက်စေသည် ပွဲနတ် ယကာတင်၍ ထွန်းလေ၊

* * *



မဂ္ဂဒီပံမီးတိုင်ကျော်

ဤမဂ္ဂဒီပံမီးတိုင်ကို ဇွတ္တီယ ပူရိသ နှစ်ဆောင်၏ အဝတ်စကိုယူပြီး ၎င်းအဝတ်စတွင် အင်းချရမည်၊ အင်းကို မှန်ကန်စွာရေးချပြီးလျှင် ၎င်းကိုမီးစာပြုလုပ်၍ မျှားဖယောင်းစစ်ပြီး ၅ ကျပ်သားကို မှန်မှန်ပြုလုပ်၍ ထွန်းပါလေ။

ဇွတ္တိသျှိမီးတိုင်အကျော်၊ အတည်ပေါင်းမည့်သူမှ ပြုလုပ်ပေးပါလေ၊ သစ္စာရှိပါစေ။

အဖြေမှာ ခေါင်းကဆံပင် ခုနစ်ပင်ကိုနှုတ်၍ နွားခြေရာတွင်ထည့်ပြီး ကျင်ငယ်ရေနှင့်ပန်းလေ၊ ပြေ၏။

အတည်ယူမှုလုပ်ပါလေ၊ မယူနိုင်လျှင် မလုပ်ပါနှင့် အပြစ်အင်မတန်ကြီးပါသည်၊ ပွဲတစ်ပွဲပေး၍ ထွန်းပါလေ၊ ငွေ ၅ ကျပ်ပါစေ၊ နက္ခတ်ကြုံစေ၊ ပွဲတွေအကျော်။

* * *

ဦးတုဋ္ဌေဟိ မမတုဋ္ဌေဟိ ဝိယေဟိ မမဝိယေဟိ သိဋ္ဌေဟံ မသိဋ္ဌေဟံ

| | | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ဏ္ဍိ | | | | | | | | | | | | | | |
| ဓူ | ဌူ | | သု | ကိ | ဏ္ဍိ | ဓာ | ဘူ | ဘာ | ခါ | ရော | သု | သိ | ရ | မဝ |
| ဇ | ၁ | ဆ· | ဉာ | သ | ရော | ဝါ | ဆ· | အ | သ | ဏ္ဍိ | တော | ဆ· | ဝါ | ဧ |
| ဣ | ဗ | | ဗ | ဒေ | ဝ | မ | ဏွ | လ | က | ယော | ပ | ယေ | ဣ | ဘူ |
| ဒူ | | | | | | | | | | | | | | |

ကြောင်းကတ္တသူမဇောရေဒါကုက္ကိသဇ္ဇစိတ္တံမပဝီယံမှိုင်းမှိုင်းကပ်ဆြာကပ်သွားဟ

ယတြာဒိပ်

ၵ္ၕင်းမီးတိုင်မှာ ပျားဖယောင်း ၅ ကျပ်သား မှန်မှန်ချိန်၍ ပြုလုပ်ပါလေ၊ ၵ္ၕင်းပုံကို မှိုင်းကိုင်းစက္ကူတွင် ပန်းပေါင်း၊ ဂမုန်းပေါင်း၊ မင်းပေါင်းများကို ဟသ်တာပြဒါးနှင့် ဖျော်၍ သချာ စွာရေး၊ မိမိလိုသူ၏ဆံပင်ကို အလယ်ကွက်တွင်ထည့်၊ အောက်ကွက်တွင် သူ့နံကိုယ့်နံထည့်၊ ပေါင်း၍ ထွန်းလျှင် လာ၍ခေါ်၏။

လင်မယားကွဲကွာစေလိုသော် အလယ်ကွက်တွင် မိန်းမနံ အပေါ်ကွက်တွင် ယောကျ်ားနံ ထည့်၍ ထွန်းပါလျှင် ကွဲကွာ၏။

* * *

## ကာယကျည်လွှဲလက်ဖွဲ့

| | | |
|---|---|---|
| | သံ | |
| မ | ယျ | ဂုံ |
| | ပ | |

ဦ တိလော မာလောဇ
ဦ ဇာရှလာ မာတိလော
ဗယာမိန့် ဿောဉ္ဆိ

မှာယော်မှ
ဿဒယေကြ မှဂံဿ ဗိလ
ယလာဗမှ ဟဃလာဗဃ ပဋ
ဟဃလာဗ ဟဃလာဗမှ ပဋ

| | | |
|---|---|---|
| | သံ | |
| မ | ယျ | ဂုံ |
| | ပ | |

အထက်ပါ ပုံအတိုင်းရွှေပြား၊ ငွေပြားများတွင် ပီသစွာ ရေး၍ လက်ဖွဲ့ထိုးပြီးလျှင် ဂုဏ်တော်ကိုးပါးနှင့် တစ်ထောင် တ်ပြီးဆောင်၊ အကျိုးကား လူအများဝိုင်း၍ ဖမ်းသော် ည်း မမိနိုင်၊ ရိုက်နှက်သော်လည်း မထိခိုက်နိုင်၊ လက်နက် တူသမျှ လွဲ၏။

### မျက်နှာပွင့် သူရဿတီအင်း

| | | | |
|---|---|---|---|
| ၃၉ | ၃၂ | ၆ | ၃ |
| ၅ | ၄ | ၃၈ | ၃၃ |
| ၃၄ | ၃၇ | ၁ | ၈ |
| ၂ | ၇ | ၃၅ | ၃၆ |

| | | | |
|---|---|---|---|
| ၇၅ | ၆၈ | ၆ | ၃ |
| ၅ | ၄ | ၇၄ | ၆၉ |
| ၇၀ | ၇၃ | ၁ | ၈ |
| ၂ | ၇ | ၇၁ | ၇၂ |

| | | | |
|---|---|---|---|
| ၁၀၂ | ၉၅ | ၆ | ၃ |
| ၅ | ၄ | ၁၀၁ | ၉၆ |
| ၉၇ | ၁၀၀ | ၁ | ၈ |
| ၂ | ၇ | ၉၈ | ၉၉ |

| | | | |
|---|---|---|---|
| ၅၅ | ၄၈ | ၆ | ၃ |
| ၅ | ၄ | ၅၄ | ၄၉ |
| ၅၀ | ၅၃ | ၁ | ၈ |
| ၂ | ၇ | ၅၁ | ၅၂ |

| | | | |
|---|---|---|---|
| ၃၉ | ၃၂ | ၆ | ၃ |
| ၅ | ၄ | ၃၈ | ၃၃ |
| ၃၄ | ၃၇ | ၁ | ၈ |
| ၂ | ၇ | ၃၅ | ၃၆ |

| | | | |
|---|---|---|---|
| ၅၅ | ၄၈ | ၆ | ၃ |
| ၅ | ၄ | ၅၄ | ၄၉ |
| ၅၀ | ၅၃ | ၁ | ၈ |
| ၂ | ၇ | ၅၁ | ၅၂ |


| | | | |
|---|---|---|---|
| ၃၆ | ၂၉ | ၆ | ၃ |
| ၅ | ၄ | ၃၅ | ၃၀ |
| ၃၁ | ၃၄ | ၁ | ၈ |
| ၂ | ၇ | ၃၂ | ၃၃ |

| | | | |
|---|---|---|---|
| ၄၄ | ၃၇ | ၆ | ၃ |
| ၅ | ၄ | ၄၃ | ၃၈ |
| ၃၉ | ၄၂ | ၁ | ၈ |
| ၂ | ၇ | ၄၀ | ၄၁ |

| | | | |
|---|---|---|---|
| ၂၅ | ၁၈ | ၆ | ၃ |
| ၅ | ၄ | ၂၄ | ၁၉ |
| ၂၀ | ၂၃ | ၁ | ၈ |
| ၂ | ၇ | ၂၁ | ၂၂ |

အင်းဆန် ဆံသွယ်မြတ်လေ ဥသျှောင် ကျွေးနှင့်။


ငင်း... သူရဿတီ ကိုးအင်းကို မှိုင်းကိုင်၊ စက္ကူမှာ ချ၍ နံ့သာ ငါးပါးနှင့် တစ်နေ့တစ်အင်း ကိုးရက် စေ အောင် သောက်၊ မျက်နှာပွင့်လန်း၏၊ အသံကြားရုံမျှနှင့် ချစ်ခင်၏။ ပြောသမျှအောင်၏၊ အာဏာတည်၏၊



အထက်ဖော်ပြပါ ရောဝဏ်ဒေါင်းကို ဓိရင်သေအာခါမှာ ပန်းပေါင်း၊ ဂမုန်းပေါင်း၊ မင်းပေါင်းများနှင့် ပွဲတင်၍ထိုး၊ ထိုးသော်အခါ ငွေ ၁၇ ကျပ်တင်မှ ထိုးပါလေ၊ သစ္စာရှိသော သူကိုမှ ထိုး၍ ပေးပါလေ၊ ကြံသမျှပြီး၏။

ရာဇာဝ္လတ္ထိယသျှို့ကျော်တည်း။


ၐင်း ရောဝဏ်ဒေါင်းကို လက်ဖွဲ့ ထိုး၊လိုလျှင် ပုံတွင်ပါသည့်အတိုင်း မှန်ကန်စွာရေး၍ တန်ခိုးကြီး ဘုရားရှေ့တွင် အရုံဂါထာနှင့် တစ်ထောင်စုတ် ဆောင်ပါလေ။



ရန်အောင်မြင်မီးတိုင်

ငှင်း....မီး တိုင် ကို မှိုဗ်း ကိုင်း စက္ကူ တွင် ကောင်း စွာ ရေး စပ် ပြီး ပျား ဖ ယောင်း ၅ ကျပ် သား ဖြင့် မီး တိုင် လုပ် မီး စာ မှာ သ ကဲ် တော် (၁၀) ချည်မျှင် ကို သက် စေ ထည့်၊ အ ရံ နှင့် ၃၇ အုပ်စုတ်၊ လို သူ၏.... မွေးနံ ထောင့် က ထွန်း လေ။

ဖျားနာခြင်း၊ စန်းပြုတ်လွန်းပြုတ် ဂြိုဟ်စီး ဂြိုဟ်နင်းမှစ၍ ယတြာအမျိုးမျိုး ချေနိုင်သည်၊ အကျိုးအနန္တ။




ဗုဒ္ဓဒီပံ

## ဗုဒ္ဓဒီပံမီးတိုင်

ဤ မီးတိုင် ကို မှိုင်း ကိုင် စက္ကူတွင် ဂမုန်း ပေါင်း၊ ပန်း ပေါင်း နှင့် ရေး စီ ရင် လေ၊ ပျား ဖ ယောင်း ၂ ကျပ် ရှစ် ပဲ ချိန် ၍ ပ ရိတ် ချည် မျှင် ကို သက်စေ မီးစာပြု။

အကျိုး ကား အကြံ အစည် အောင် မြင်၏။ စီး ပွား တက် ၏။ ဘုန်း တန် ခိုး ကြီး ၏။ ဘေး ရန် အ ပေါင်း ကို အောင် နိုင် ၏။ ရှိသေ စွာ ထွန်းညှိလေ။



ငှင်းမီးတိုင်ကို မှိုင်းကိုင်းစက္ကူတွင် ပန်းပေါင်း၊ ဂမုန်းပေါင်းနှင့် ကောင်းစွာရေး၊ သိမ်ဝင်ချည်မျှင်ကို လူနာ၏ လက်နှင့် ခုနစ်ထွာတိုင်းပြီးယူ၊ အင်းနှင့်လိပ်၍ မီးစာလုပ် ပျားဖယောင်း ၅ ကျပ် ရှစ်ပဲသားနှင့် ဖယောင်းတိုင်လုပ်။

လူနာကို လက်ယာရစ်သုံးပတ်လှည့်၍ ငှင်း၏ခေါင်းရင်း တွင် ထွန်းညှိလေ။

ငှင်းမီးတိုင်ကို အင်းဆန် အရံနှင့် ၃၇ အုပ်စုတ်လေ။

စုန်၊ ပင်း၊ နတ်ပင်း၊ တောပင်း၊ ရေပင်း၊ မြေပင်း၊ အစာ ပင်းအပင်းဟူသမျှ နိုင်၏၊ သုံးပုံ တစ်ပုံသာ ထွန်းပါလေ၊ တစ်ဝက်ထိ မထွန်းလေနှင့်။

## မီးတိုင်၏ အတိတ် နိမိတ်

ငှင်းမီးတိုင်ကို ထွန်းညှိရာဝယ် မီးတောက် နှစ်ဖြာ ကွဲမူ ရှာသူဖမ်းစားခြင်းဖြစ်သည်၊ မီးတောက်တစ်ခုတည်း တောင် ယိမ်း မြောက်ယိုင်ရှိမူ ရှာသူနှင့်နတ် ပူးပေါင်း၍ လုပ်ခြင်း ဖြစ်သည်၊ မီးယိမ်းရာအရပ်မှ ဖြစ်သည်။

မီးတောက် မတ်မတ်တောက်ပြီး ပြတ်၍ ပြတ်၍ တက် သော်၊ မီးရောင် မနီသော် ရှာသက်သက် ပြုခြင်း ဖြစ်သည်၊ သကြေအောင် အမျက်ကြီးသည်ဟု သိလေ။

မီးကြည်၍ လင်းပြီး အရောင်ဖြူမူ၊ မမှိန်ဘဲတောက်မူ အန္တရာယ်မရှိ အကျိုးဖြစ်လိမ့်မည်။

မီး မှိန်သော် ရန်သူဒေါသ မပြေသေး၊ မီးတောက် ဟုတ်ခနဲရှိမူ သူပြုဟုမှတ်၊ တန်ပြန်လေ၊ ဖယောင်းတိုင်ကို လက်တစ်ဆစ်ချန်၍ စောက်ထိုးထွန်း။

ဥစ္စာလိုလျှင် ဦးရှူတိုင်မှာထွန်း၊ ပြည်ရွာလိုလျှင် နာဂရ အရပ်မှာ ထွန်း၊ ရန်သူရှိလျှင် နတ်စင်၊ သချိုင်းမှာ ထွန်း၊ အခြွေအရံလိုသော် ဘုမ္မိအရပ်မှာထွန်း၊ ရန်ပြေစေလိုသော် လှေကားမှာထွန်း၊ လူကြီး နာဖျားသော် ခေါင်းရင်းမှာ ထွန်း၊ လူငယ်နာဖျားသော် ခြေရင်းမှာထွန်း၊ မကောင်း နိမိတ်တွေ့မူ အိမ်ဦးမှာထွန်း၊ ကုန်ရှုံးကြွေးတင်မူ စားဖိုဆောင် မှာထွန်းလေ။

× × ×

# အခန်း (၆)

## စာမ္မ အစီအရင်များ

### ဗုဒ္ဓရူပံစာမ္မ ရုပ်ပွားတော် (၁)



အဟိန်း (စ) စကာရောစ ဗုဒ္ဓရူပံ စ ဒုက္ခံ ကုသလံ ခမ္မံ နမောဗုဒ္ဓါယျစ။
(ခ) ခကာရောစ ဗုဒ္ဓရူပံ ခ ဒုက္ခံ ကုသလံ ခဒ္ဓံ နမောဗုဒ္ဓါယျခ။
(ဗ) ဗကာရောစ ဗုဒ္ဓရူပံ ဗ ဒုက္ခံ ကုသလံ ခဒ္ဓံ နမောဗုဒ္ဓါယျဗ။
(ဝ) ဝကာရောစ ဗုဒ္ဓရူပံ ဝ ဒုက္ခံ ကုသလံ ခဒ္ဓံ နမောဗုဒ္ဓါယျဝ။

ကျန်အက္ခရာများ အဟိန်း။

အက္ခရာမကာဠ ဗုဒ္ဓရူပံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

စီရင်ပြီးလျှင် အခြေပလ္လင်ကစ၍လီပ်၊ ကြိုးမတတ်ရ၊ ညဥ့်သန်းခေါင်ကျော်လျှင် သရဏဂုံ(၁၀၀၀)ရွတ်။

ကိုယ်မှမက္ခဆောင်၊ အမြောက်၊ စိန်ပြောင်း၊ မီးဖောက်၊ သေနတ် မီးမကူး။

မဏိတော်က စ၍လိပ်သော်တုတ်၊ အုတ်၊ တစ်ထောင်ကပ်ဖို၊ ပယောဂ ကောင်းလှ၏။

သရဏဂုံ (၉)ဘုရားဂုဏ်တော် (၉) သမ္ဗုဒ္ဓေ (၂၇)အုပ် ရွတ်၍ အနေကဇာပါ တင်လေ။


× × ×



၎င်းစာမဘုရားကို မှန်ကန်စွာရေးပြီး ဉာဏ်တော် ခြောက်ပါးရုံလေ။

မှော်သွင်း၊ ဂါထာ— ဥုံ ဣဒ္ဓိဝိဓ ပရစိတ္တ ဝိဇာနန ပုဗ္ဗေနိ ဝါ သာ နု ဿ တိ ဒိ ဗ္ဗ စက္ခု ဒိ ဗ္ဗ သော တ အာသဝက္ခယညာဏံ မမ အဟံ မမ ဒိဋ္ဌဓမ္မ ဝေ ဒနိယ ကံ ဣဟတ်-ဣဟတ်။

တစ်ခါသောက် ကိုးရှပ် အနေကဇာတင်ပြီး နံ့သာငါးပါးရေနှင့် သောက်လေ။ မိမိ မွေးနေ့ကစ၍ ကိုးရက်သောက်၊ အကျိုးကား အနန္တတည်း။



ဤရုပ်ပွားတော် အက္ခရာဘစ်လုံးရေးသောအခါ၊
အက္ခရာ ကေမေကဥ ဗုဒ္ဓရူပံ၊
ဟု ဆို၍ ရေးပါ။

သုံးဂဏန်းကိုရေးသောအခါ၊
ပိဋကတ္တယံ တိဒ္ဒတု ပိဋကတ်သုံးပုံ ဤတွင်.... တည်စေသတည်း။

လေးဂဏန်းကို ရေးသောအခါ၊
စတုကောသ ဓာတုယော တိဗ္ဗန္တု၊ လေးပါးသော ဆံတော်မြတ်တို့သည် တည်တော်မူကြပါစေကုန်သတည်း။

သုညကို ရေးသောအခါ၊
သုညံဗုဒ္ဓေါ ဘဝိဿတိ၊
ဟု ဆို၍ ရေးလေ။
(သုညကိုရေးလျှင် လက်ဝဲရစ် ရေးရမည်)
အက္ခရာ အစဉ်ကား။
ဂ-က-စ-ခ-ဝ-ဒ-ဉ- ဇ-င-ဌ- န-ပ-ဗ-မ-ဏ-ထ
ဝ-တ-ယ-ခ-ဖ-ဍ-ဌ-ဃ-ဘ-ဆ-ဓ-လ-ည-ဋ-သ
ဈ-ဟ-ရ-ဋ္ဌ-အ။
အရံဂါထာ—
အအာ-ဤဣ-ဥဦ-ဧဩ။
ဤအက္ခရာအစဉ်အတိုင်း ပီသစွာရေးသားရမည်၊ ၎င်းပုံတော်ကို အနေကဇာ သုံးကြိမ်ဘင်ပြီး ကိုးကွယ်ပါလေ။

ငှင်းရုပ်ပွားတော်ကို ကိုးကွယ် ဆောင်ရွက်ရသော အကျိုးကား သိမ်ဝင်သပိတ်ကဲ့တွင်ရေး၍ ရှိသေစွာဆောင်ရသော် ရန်အမျိုးမျိုးပ ပျောက်၏၊ မီးပေါက်၊ လုံ့ ခေါး၊ ကျား၊ ခြသေ့တို့ကို ရင်ဆိုင်တွေ့သော် မိမိထိပ်၌ ဆောင်သော်နိုင်၏။ နတ် မိစ္ဆာ၊ နာနာဘာဝ၊ စုန်း၊ ပယောဂ မှီကပ်၍ နေသော် တစ်စက်သက်ပြန့်ရေနှင့်စိမ်၍တိုက်ပျောက်၏။ ရွှေ၊ ငွေ၊ ကြေးကမ္ဘဝါတွင် မှန်ကန်စွာရေး၍ ခြေကစပြီးလိပ်၊ ကြိုးမတပ်ရ၊ သရဏဂုံ တစ်ထောင်စုတ်၊ တတ်နိုင်ပါလျှင် တစ်သောင်းစုတ်၊ ရှိန်းဆာယာ အပြီးသို့ရောက်၏။ အမြောက်နှင့်ချိန်၍ ပစ်ကမီးမထွက်၊ သဗ္ဗပီယသျှို သုံးဖြာသည် ဒေဝါ သက္ကပုရိသနှင့် ဈာထ္ထိယမှု အထူးပင် ချစ်ကျွမ်းဝင်၏။

ရွှေပြား၊ ငွေပြားတွင် ရေး၍ အနေကဇာတိ သံသာရံ စသော ဥဒါန်းကို ၁ဂ ခေါက်၊ မယုတ်မလွန် အကျိုးညွှန်သော် မိုးစွန်အထွတ် ကြယ်ကိုဆွတ်က မုချမှင်းရတုံ့ငြားလိမ့်၊ ဘေးများလွတ်ကင်း အပင်းမဝင်၊ မီးလျှင်မလောင်၊ ပြီးစီးအောင်အံ့။

ကျောက်ပြားပေါ်တွင် ရေး၍ မြို့၌ဖြစ်စေ၊ ရွာ၌ဖြစ်စေ၊ အိမ်၌ဖြစ်စေ၊ ကျောင်း၌ဖြစ်စေ၊ ထောင့်လေးထောင့်တွင် မြှုပ်သော် ရန်သူ အနှောင့် အယှက်တို့ အဘယ်မျှလောက်ကြံစည်သော်လည်း ကြံ၍ မရနိုင်။

တန်ပြန်လိုသော် ပေဖူးပေရွက်ပေါ်တွင် ရေးချ၍ မီးနှင့်တိုက်သော် လူတို့၌ကပ်သော စုန်းတိုက်၊ နတ်တိုက်၊ ပယောဂ အပေါင်း တန်ပြန်၏။

အိုးထိန်းလက်စက်မြေကို မီးခွက်ပြုလုပ်၍ ရုပ်ပွားတော်ပုံ ရေးပြီး အိမ်၊ ကျောင်းစသည်တို့၌ မီးထွန်းရသော် ရတနာ ခုနစ်ပါးရမည်၊ များစွာသော ပစ္စည်းဥစ္စာရမည်။

၎င်းရုပ်ပွားတော်ကို တစပုဆိုးတွင် မှင်နက်ဖြင့် ရေး၍ ပျားဖယောင်း ၅-ကျပ်သားနှင့် ဆက် ရှစ်သစ်ရှိ ဖယောင်း တိုင်ပုံလုပ်ပြီး မြေမှာချ၍ထွန်းသော် တောသားမိစ္ဆာ၊ နာနာ ရုပ်နှင့်တကွ ဆိုင်ရာအစောင့်တို့သည် ပို့လာ၍ ၎င်းတို့အားလုံး ကို ပိုင်၏။ တရားနိုင်လို၍ သော်လည်းကောင်း၊ အကြံအစည် အောင်မြင်ရန်ကိုလည်းကောင်း၊ မိမိနှုတ်မှ ပြောဆိုတိုင်း ပြီး စေရန် ခဲမဖြူပေါ်တွင် ထိုပုံတော်ကိုရေးပြီး တန်ခိုးကြီးဘုရား ရှေ့တော်မှာ ဆုတောင်း ဦးခေါင်းထက်၌ ပန်၍သွားပါက မိမိအလိုရှိတိုင်းပြီး၏၊

ပြဒါးသေ သံသေတို့တွင် ထိုရုပ်ပွားတော်ကို ရေး၍ နဘာယံ ဂါထာနှင့် ငါးထောင်စုတ်ပြီးလျှင် နှုတ်တွင်ဆောင်က ဆင်ပြောင်ဆယ်စီး အားမာန်ကြီး၏။

တစ်နည်းတစ်လီ၊ မြေမှိုမကင်း၊ ကောင်းကင်တွင်း၌၊ မင်း ဝိဇ္ဇာကျော်၊ သူယောင်ပျော်လိမ့်၊ မှော်ဝင်စုန်းနတ်၊ ကြီးပြတ် စေခြင်းငှာ၊ ပေမှာသာချ မမှားပြာယူ၊ ကိုယ်မူသုတ်လိမ်း၊ မြေဖုတ်တစ်ရပ် နှာနှပ်မျက်စင်းခပ်၊ ပြီးတုံလျှင်းက၊ ချမ်း သာရလိမ့်၊ သုံခမှီတွေ့၊ ရေမှာကူးလျှင်၊ ခါးမှာဆောင်လေ၊ ရေသတ္တဝါအပေါင်း၊ ဘေးမှလွတ်ကင်းပြီး၊ ရေမမွန်းနိုင်။

**မှတ်ချက်။** ။မေထုန်ပေါင်းဖော်၊ ပြုသော်အရာ၊ လွဲရှောင် ပါဖော့၊ ငါးပါးအကွာရာ၊ပညာပါရမီ၊ စာဂီတစ်ရပ်၊ ပြီးစီး လတ်သို့၊သူမြတ်ဆရာ၊မိန့်ခဲ့မှာဇည်၊ ပညာနေသို့ထွန်း၏တည်း။

အာဒေါဇာတ
ဥဏှရှိပါ




(၁) ပဏ္ဍုကာရာဇား

ပဆစီဝေဒ-
တမ္ဗရှိပါ-



(၂) ဿီန့်ရာဇာ။

အာကာသဓာတု





(၃) ကုကောသရာရှား

ဗျဒ္ဒီသရဓာတု-
လေးကျွန်းအာလယ်တညီ



(၄)မေရု




(၅) ကူဋ္ဌိကောသရာဇာ။

ဗျာဒိဿရကျွန်း
အလယ်၌ တည်သော —



(၆) မေရု။



(၇) မောရရာဇာ



(၈) ကောဉ္စရာဇာ




(၉)စိတြာရက္ခ။



(၁၀)သုပဏ္ဏရာဇာ။




(၁၁)မက္ကဋရာရှာ။



(၁၂) နာဂရာရှာ။



(၁၃) ကုရုင်္ဂရာဇာ။



(၁၄) ဥဿဘရာဇာ။



(၁၇) ဈူဿရုဘာ။



(၁၈) သသရောအ။

ဥတ္တရဒီပါ၊ မြောက်ကျွန်းသာကာ၊ ရေ့အာပေါ်ခေတ်၊ သိမှတ်ခေါ်မူ၊ ပက္ကူကာရာဇာ၊ အစစ္စာတည့်၊ ဗျူဟကျားမင်း၊ သောက်တုံလျှင်းမှ၊ သောဠသမြောက်၊ ထွန်းတောက်ရောင်ရှိန်၊ သုခမိန်ဟု၊ ပုဏ္ဏိုန့်ဝန်းမှ၊ အမှတ်ပြုသည့်၊ သံသရာဇာ၊ အချာယုန်မင်း၊ အချုပ်နှင်း၍၊ စုတ်ခြင်းတစ်တန်၊ မန္တန်ပျံကား၊

အရှုံ…ဥတ္တရဒီပါ၊ ကုံရှချာက၊ ဒေဝါနတ်ကြီး၊ နတ်မင်းကြီး၊ မင်းကြီးပိုင်သေ၊ ဝနပ္ပဂုံ၊ ရိပ်မြုံသာမော၊ ထိုသည့်တောတာ၊ လျှင်ဆောယခုသက်၊ ဟုလု-ဟုလု၊ ကုလု-ကုလု၊ မြောက်ဆရာ မြှောက်။

ရာ့ရှစ်ခေါင်လျှင်၊ ဟိန်းဟောက်ရွှတ်ဖတ်၊ သောက်တုံလတ်က….

ရှပ်မြွတ်စာဓ၊ ဝဏ္ဏအက္ခရာ၊ ပညာတန်ခိုး၊ သိဒ္ဓိနိုး၍၊ ကျော်မျိုးအတိ၊ ထွန်းတောက်ဘိသား၊ မိမိသြဇာ၊ အာဏာစူးရှ၊ ပဋယာဂဖြိမ်း၊ ငေါက်ငမ်းရုံမျှ၊ ပ့ပျောက်ရလျက်၊ သဗ္ဗရာဇာ၊ ဠုတ္တိသာနှင့်၊ ဠုစ္ဆာပြည့်ပွား၊ အကျိုးများလှတ္တုံ။ ဤကား…ဘောခန်းစီခင်တည်း၊

## ဤတောခန်း ပထမ သောက်လေ။

* * *



(၁) ပါကင့်ကုဋ္ဌီး



(၂) ရသာကုဋ္ဌီး



(၃) ဝိစ္ဆာရိကကုဋ္ဌီး



(၄) အာရက္ခကုဋ္ဌီး



(၅) ဒေဝကညာ။



(၆) ဒေဝကိန္နရာ။



(၇) ဒေဝကိန္နရီ။




(၈) သရကာကိန္နရာ။



(၉) ဒေဝကုမ္ဘာရီ။



(၁၀) ဒဏ္ဍမာကာဝီ၊



(၁၂) စုက္ကကိန္နရီ၊



(၁၁) သုဗ္ဗရတိန္ဒရီ။

သူရဿတီ၊ အပွားညီသာ၊ ဒေဝီရုပ်မြတ်၊ဆယ့်နှစ်ရပ်တွင်၊ မလပ်စေရ၊ အစဉ်ပြုတိုင်း၊ ပါကဋ္ဌတ္ထိ၊ အစချီလျက်၊ ပြီး[illegible]တသ၊ စာမ့အက္ခရာ၊ ရုပ်ဝါသဏ္ဍာန်၊ ရေးစီမံ၍။

အရှုံ့ဒေဝီဒေဝယာ၊ ကိန္နရီ့ကိန္နရာ၊ မှာတာပီတု၊ ကြန်ညီစုံစွာ၊ ကလျာနတ်နွယ်၊ ဒေဝီမယ်ဘို့၊ ဝိဇ္ဇာရူပေ၊ ဝိလေ့ဝိယ၊ တိင္ဂတုံ့စ္ဆုကော၊ မယုံ ဩြက္ကာ မန္တိ ဗုဒ္ဓ သာသနေ၊ သူရဿတီ၊ စာမမေတာ၊ မာတာ စမေသူရဿတီ၊ အနုတမ္ပံ ဥပါဒါယ၊ သဗ္ဗပီယံ သဗ္ဗကိစ္စံ သိဒ္ဓာ ဘဝန္တု သွာဟတု။


တစ်ရာ့အပေါ်၊ ရှစ်ကြိမ်ကျော်၍၊ ရှုတ်သော်မမှား၊ ပြာပြုငြားလျက်၊ ဤကားမွေးနေ့၊ စ့ပြုံရွှေ့လျှင်၊ စံဓေတခဏ၊ တစ်ရုပ်ကျဖြင့်၊ ဒွါဒသမြောက်၊ နေ့သို့ရောက်အောင်၊ သောက်ရတုံမူ၊ အကြွင်းသူကား၊ လူတွင်မကာ၊ ဒေဝနတ်ထံ၊ ကောင်းချီးညံ့လျက်၊ တရံမကွာ၊ ဒေဝါဒေဝီ၊ ယှဉ်ကပ်မှီသို့၊ ပီယေပီယာ၊ ရာဇသဗ္ဗ၊ သျှိုသုံးဝလည်း၊ လိုတ့ပြည့်ဖြာန်၊ ရန်အန္တရာယ်၊ သွယ်သွယ်ကင်း၍၊ နှံ့သိထင်ရှား၊ ကောင်းကျိုးပွားသည်၊ ဤကား ဒေဝီ စာမတည်း။

ဒုတိယ သောက်လေ။

× × ×




(၁) နရဇော်ပျံ။



(၂) ဒေဝဇော်ပျံ။



(၃) သေသဇော်ချီ။



(၄) ဝေဠုဇော်ချီ။





(၅)ဇော်ဂျီပျံတက္ကသိုလ်။ (၆) ဒိဗ္ဗဇော်ဂျီ။





(၇) ဇော်ဂျီ-
မနောမယတက္ကသိုလ်။ (၈) ဒိဗ္ဗဒူတဇော်ဂျီ။



(၉) ကုန္ဒမယဧော်ဂျီ

ပထဝီဥဒက်၊ အာကာသနှင့်၊ ဓနံတစ်ဖြာ၊ ပီယာကာယ၊ အစ ဝထည့်၊ ထိုမျှသိဒ္ဓိ၊ အစွမ်းရှိသား၊ ဣသိပညာ၊ အက္ခရာစာမ၊ ရုပ်နဝတွင်၊ နရဇော်ပျို၊ အစဖန်လျက်၊ ကော် အက္ခရာ၊ တစ်လုံး စာလည်း၊ ဝိဇ္ဇာရှုပ၊ သိဒ္ဓိမျှဟု၊ အတ္ထအနက်၊ ကျယ်ပြောချက်ကို၊ ဉာဏ်သက်ဝင်ကာ၊ စဉ်တိုင်းသာလျှင်၊ ပြီးစွာဝဏ္ဏ၊ ရေးကုန်ကြလျက်၊ နှုတ်မှတွတ်တွတ်၊ ရွတ်ဖတ် ဥုံခံ၊ ဂါထာပျိုကား။

ဥုံ....အရဟံ၊ ဗောဓိသတ္တော၊ ယောဂါစရိယေန၊ ဝိဇ္ဇာဓရေန၊ ဣသိ သိဇေ္ဇါ၊ ဒေဝေါ၊ ဣဟာဝတ္ထု၊ ဣဟာဝတ္ထု။

သတာသင်္ချာ၊ တရားတိကျ၊ စိတ်ပြီးမှလျှင်၊ ငရမမြူ၊ ပြာမှုန်ပြုလျက်၊ကိုးခုမြောက်ထိ၊ သောက်ရဘိမူ၊ ဣဒ္ဓိတန်ခိုး၊ သိဒ္ဓိမျိုးကို၊နိုင်းနိုးထန်ရာ၊မမြင်သာ၍၊ကျယ်စွာနက်ရှိုင်း၊ ဂုဏ်အလှိုင်းဖြင့်၊ အတိုင်းမသိ၊ အကျိုးရှိသည်၊ နဂ္ဂိဖိုးထိုက် မညာတည်း။

တတိယ သောက်လေ။

* * *




(၁) ဒေဝဝိဇ္ဇာ။



(၂) ဝိဇ္ဇာမယိန္ဒီး။



(၃) ကုဏ္ဍိဒေဝဝိဇ္ဇာ။



(၄) သဟံပတိဇော်ဂျီ။


အနဂ္ဂိုဟ်မှာ၊ ဣလိပညာ၊ ဝိဇ္ဇာအတတ်၊ ရှုတ်မြတ်စာပေ၊ ဒေဇဝိဇ္ဇာ၊ အက္ခရာ၏၊ နက်စွာကျယ်ပြော၊ ဂုဏ်သဘောကား၊ အတောအဆွေ၊ ဉာဏ်နှင့်မွေတိုင်း၊ ဆုံးလေမမြင်၊ သိဒ္ဓိတင်ခဲ့၊ အကြင်အခါ၊ လေးဖြာစာမ၊ လေးဝရှတ်မြတ်၊ လေးရပ်ဝိဇ္ဇာ၊ အက္ခရာကို၊ ပညာအလျောက်၊ စီရင်ခမြောက်၍ မလျောက်ဥါြ၊ သဘောတံထွာ၊ ဌာန်ညီစွာဖြင့်။

ဟော ဓိဇ္ဇာ ရော စရိယေန၊ သဗ္ဗကိစ္စံ သိဒ္ဓိကမ္မံ၊ သံဃံ ဝဟာစု၊ ဟုလု၊ ဟုလု၊ သွာဟာယျ၊ သွာဟုံ။

ရာပြည့်ခြုံ၍၊ အာဂုံနှုတ်ရွ၊ စိတ်ပြီးမှလျှင်၊ သောက်ရ တုံဘိ သိဒ္ဓိဖြင့်၊ ဣစ္ဆိတ မျိုး၊ ထပ်ထပ်တိုးသည်၊ မြေလျှိုး မိုးပျံ အခေါင်တည်း။

စတုတ္ထ သောက်လေ။

* * *





တားလုံးချုပ်ချုပ်— အင်းစီးရက္ခစိုဝ်း

ဗိန္ဒု၊ ထမ၊ ကေအက္ခရာ၊ တစ်လုံးစာကို၊ ပညာနိုင်းချိန်၊ သုခမိန်ဟု၊ ဣသိန်ရှင်ပျံ၊ ခေါ်ရုပ်ဖန်၍၊ စီမံထားလေ၊ ရုပ်တွေထွေကို၊ ချုပ်လေအပြီး၊ နိသျှည်းဖြင့်၊ အတီးရှေးက၊ ရက္ခဌာဟု၊ ဒေဝနတ်မျိုး၊ ရက္ခစိုးသည့်၊ နှိုးလော့သိဒ္ဓိ၊ စီရင်ဘိဟု၊ နိဂ္ဂြိ အချုပ်ဉာဏ်ဖြင့်အုပ်၍၊ ရုပ်တို့အချော၊ အက္ခရာမူလ၊ ခေတ်စာမှုကို၊ ညွှန်းပြသံရှင်၊ ပေထက်တင်သည်၊ ဤလျှင်ရုပ်များ အချုပ်တည်း။

ဤတကျွာများ၌ ရုပ်၏ အချုပ်မှာ အင်းစီး ရက္ခစိုးပင်ဖြစ်သည်။ ဤအင်းစီးရက္ခစိုးကို နောက်ဆုံးမှသောက်လေ။

## အခန်း (၃)

### အနုကုန်တိုက် အစီအရင်



၎င်း သူရဿတီပုံကို မိမိနံသင့် သစ်သားကို ပုံကျအောင် ထု၍ဆောင်၊ ပွဲတင်၍ အရှံဂါထာနှင့် ၃၇ အုပ်စုတ်၍ဆောင် ပါလေ၊ အသက်သွင်းလေ။

## ရှုပ်တုအသက်သွင်းဂါထာ

ဥုံ သူရဿတီ မယ်စန္ဒီ၊ ထကြွ လှုပ်ရှား သိကြားအသွင် လျှင်လျှင်ထကြွ ကြွဆရာကြွ။

ရွှေပြား ငွေပြားများတွင် ပီသစွာရေးချ၍ လက်ဖွဲ့ထိုး၍ ဆောင်၊ အနုကုန်တိုက် ဗီယသိဒ္ဓိ ကောင်းလှ၏။ ဈေးခေါ် ကောင်းလှ၏။

၎င်းလက်ဖွဲ့ကို မဆစ်ဆီတွင် စိမ်ပြီး စားဖွယ်သောက်ဖွယ် မှာခပ်၊ သျှိသုံးပါးကောင်း၏။နံ့သာရေတွင်စိမ်၍၎င်းနံ့သာ ရေကိုနတ်စင်တွင်တင်၍ မိမိလက်နှင့် နံ့သာရေဖြင့်ပက်ဖြန်း၍ လိုရာဆုကိုတောင်း၊ ပြည့်စုံ၏။ ရေမွှေးတွင်စိမ်ပြီး၎င်းရေမွှေး ကို ကိုယ်မှာလိမ်း၊ ၎င်းရေမွှေးနံ့ကို ရှူမိသူတိုင်း ချစ်မြတ် နိုး၏။

* * *

| | | | | |
|---|---|---|---|---|
| က | ယ | ဈ | နံ | ဂ |
| ဘ | ဓ | ခ | ဏ | ည |
| ဋ္ဌ | ဇ | နံ | ဃ | ပ |
| ဒ | ဗ | စ | ဠ | တ |
| ဆ | ဍ | ထ | ဖ | င |

**ယောကျ်ား၊ မိန်းမ ပြန်ပေါင်းအင်းတော်**

၎င်းပြန်ပေါင်းအင်းကို နက္ခတ်ကြုံသည့်အချိန်တွင် မြေဆီမီးခွက်မှာ သေချာစွာရေး၍ အလယ်ဂျက်တွင် နှစ်ပါးနံ ထည့်ပြီး မိမိလိုသူ၏ အဝတ်စက်မီးစာလုပ်ပြီးလျှင်မဆစ်ဆီနှင့် ဘုရားရှေ့တော်မှာဆုတောင်းပြီးထွန်း၊အနည်းဆုံးမွေးနေ့က စ၍ ခုနစ်ရက်ပူဇော်ပါလေ၊ ယောကျ်ားများက မိန်းမအတွက် ပြုလုပ်လိုသော် မိမိလိုသူ၏ အတွင်းခံ အင်္ကျီရလျှင်ပို၍ ခရီးရောက်သည်၊ လင်ကွဲ မယားကွဲ များအတွက် ဆိုလျှင် ယောကျ်ားကဖြစ်စေ၊ မိန်းမကဖြစ်စေ ၎င်းအင်းတော်နှင့် မီးပူဇော်မိပါလျှင် ဘယ်လောက်ပင်မုန်း၍ နေသော်လည်း မမြင်ရလျှင် မနေနိုင်၊ ပြန်ပေါင်းရ၏၊ ပွဲတော်။

ညဉ့်ပူဇော်နိုင်ပါလျှင် ပို၍ကောင်း၏။

* * *

အန္တရာယ်ကင်းလက်ဖွဲ့

# ဥုံဟိတောပစ္စရုံသွားဟ

ရှင်းဂါထာကို ရွှေပြား ငွေပြားမှာ ရေးပြီး လက်ဖွဲ့ ထိုး၍ အမြဲဆောင်ပြီးထား၊ ရှာသူပယောဂများကို နိုင်၏။ အရေးကြုံပါလှင် ရှင်းလက်ဖွဲ့ကို ရေစိမ်တိုက်၊ ပယောဂ ပူး၍မထွက်လျှင် ရှင်းလက်ဖွဲ့ကို ရေစိမ်ပြီးတိုက်ထွက်၏၊ တစ္ဆေ မြေဖုတ်ဖမ်းစားလျှင် တစ်စက်လက်ပြန်ရေနှင့်စိမ်ပြီး လက်နှင့် တောက် ပျောက်၏။ ခရီးသွားလျှင်ဆောင်၍သွား၊ အခြောက် အလှန့်မရှိ၊ ဘေးကင်း၏။

* * *

## ဥတိန္ဒအစီအရင်

ဆင်မာန်စွယ်ကိုဥတိန္ဒနတ်မင်းဆင်စီးပြီးစောင်းတီးနေဟန် ထု ဆင်မာန်စွယ်မရလျှင် နံ့သာဖြူသားကို ထုလုပ်၍ စီရင်ပါ၊ သို့မဟုတ်ရွှေပြားငွေပြားများတွင် ဥတိန္ဒမင်းဆင်စီး၍ စောင်း ကိုပိုက်ပြီးတီးနေဟန် ပီသစွာထုပြီးလျှင် လက်ဖွဲ့ထိုး၍ ဆောင်။

## စုံတ်ရန် မန္တန်ကား

ဥုံ ဟိမဝန္တာ၊ တောသုံးတောင်ကို အစိုးရသည် နတ်လှ ကျော်ထင် တို့သခင် နတ်ရှင်တို့ရှေ့ နေ့ပါး စွယ်ဖျားသုတ်သင် မ ကိုခင်သည် လာခဲ့ဆင်ပြောင် မယ်ချစ်မောင် **နှိမ်ဆရာနှိမ်** မှိန်ဆရာမှိန်။

၎င်းမန္တန်နှင့် အရှုပ်ဖြစ်စေ၊ လှက်ဖွဲ့ဖြစ်စေ မွဲစုံစွာနှင့် (၃၇) အုပ်စုတ်။

## အနှိုးမန္တန်ကား

ဥုံ မှုဒ္ဒံ ဟေ ဥုံ ဓမ္မံ ဟေ ဥုံ သံဃံ ဟေ ထ ဆရာ ထ ကြွ ဆရာ ကြွ။

မိမိလက်တွင်းမှာဆုပ်၍(၃၇)အုပ်နှိုး၊ တန်ခိုးကြီး ဘုရား ရှေ့တော်တွင် စီရင်ပါလေ၊ (ပီယပွဲတွေ့အကျော်)။

* * *

## ကျွဲဖြူချိအစစ် စီရင်နည်း

၎င်းကျွဲချိကို စီရင်နည်းမှာ ချိကို ဆိတ်ရှပ်နှင့် တူအောင် ထုပြီး နံ့သာရေစိမ်၍ အောက်ပါမန္တန်နှင့် တစ်ထောင်စုံတ်။ ပေန္တာဆာယာယံ ဂူဟူတ်ဟုတ်ဟာတဟုန်။

## အနှိုးဂါထာ

ဥုံ မိုက်မှိုင်းမှိုင်းသသတ် ဂူဂူ သွားဟာ။

၎င်းမန္တန်နှင့်(၃၇)အုပ်နှိုး၍ ဆောင်လေ၊ **အနုအကြမ်း** ကောင်းလှ၏။

## ဂဝံမျက်နှာဖုံးစီရင်နည်း

ဆင်မာန်စွယ် ဂဝံမျက်နှာဖုံး နေဟန်ထု၊ တံနိုးကြီး ဘုရားမှာ ဆွမ်းသက်စေ၊ မီးသက်စေ၊ ရေသက်စေ၊ ကြက်လျှာ တံခွန်ပါစေ၊ ကွမ်းလက်ဖက်စုံကပ်လှူ၍ငါးပါးသီလဆောက် တည်ပြီး သမ္ဗုဒ္ဓေ တစ်ထောင်စုတ်၊ ၎င်းနောက် ပဟာ ပစ္စယော တစ်ထောင်စုတ်၊ နောက်ဆုံး ဇူတဇိမိသော တစ် ထောင်စုတ်ပြီးလျှင် အသက်သွင်းလေ။

### ဂဝံအသက်သွင်းဂါထာ

ဥုံဂဝံပတိလာခဲ့-လာခဲ့-ဩောင်း-မင်းဆရာမင်းထဲဆရာထ ဩောင်း-သိဒ္ဓိအပေါင်း ရှစ်သောင်းလေးထောင် ထင်ဆရာ ထင်။

၎င်းဂါထာနှင့် အသက်သွင်းလေ ရွှေကြုတ်, ငွေကြုတ် နှင့် ထည့်၍ ဆောင်လေ၊

### အကျိုးကား

၎င်းဂဝံရုပ်ကို နှုတ်မှာ ငုံပြီးသွားသော် တရားတပေါင် အခက်အခဲပင်ဖြစ်စေ အောင်မြင်၏၊ ဂဝံကြုတ်ကို လည်ပင်း တွင် ဆွဲ၍သွားသော် ရန်သူအပေါင်း မမြင်နိုင်၊

ဂဝံကို တံခါးပေါက်မှာတင်ပြီး ဆရာဂဝံ တံခါးဖွင့်ဟု ဆိုလျှင် တံခါးပွင့်၏။ ခရီးသွားသောသူ၊ ပျောက်သောသူတို့ ကို တွေ့လျှင် ဂဝံရုပ်ကို တိုင်တည်ပါလျှင် တွေ့၏။

ဂဝံရုပ်ကိုဆီစိမ်ပြီး သောက်လိမ်းသော် သေနတ်၊ လှံ၊ ဓား မစူးမပေါက်နိုင် ၎င်းဂဝံရုပ်ကိုနံ့သာရေဖြင့် စိမ်၍သောက် လိမ်းပါလျှင် မြင်မြင်သမျှသောသူသည် စွဲမက်လာ၏။

ဂဝံရုပ်ကို အိမ်ခေါင်တွင်ထားသော် မီးမလောင်နိုင်၊ ၎င်းဂဝံရုပ်ကိုလည်တွင်ဆွဲပြီး ရေကူးသော် ရေပေါ်၌ ရေမနစ်နိုင်၊ ၎င်းဂဝံရုပ်ကို ပေါလည်ရာ၌ ဆောင်၍ သွားသော် ကျား၊ ဆင် မကိုက်ဝံ့ ရှောင်ဖယ်ပုန်းခပ်နေ၏၊ စုန်း၊ နတ်ပယောဂ ပြေးစေလိုသော် ၎င်းဂဝံရုပ်ကို ခုနှစ်ရက်ရေစိမ်ပြီး အစွဲရှိသူကိုပက်၊ ပြေး၏။

သျှိုကိုလိုသော် မိမိလိုသောသူ၏ နာမည်ကိုခေါ်၍ (မည်သူသည်) ကျွန်ုပ်ကိုချစ်ပါစေဟု အမည်ကိုထုတ်ဖော်၍ မိမိခေါင်းရင်းမှာ ထားပြီး ဆန်မှုန်း ပေါက်ပေါက် များနှင့်ပူဇော်ပြီး ဆုတောင်းလေ ရေမြေပင် ခြားသော်လည်း မနေနိုင် အမြန်လာရ၏။

* * *

## ပထမံပုတီး ဂါထာစုတ်ရန်

## ပထမံ ဝိဇ္ဇာလေးပါး ဂါထာတော်

**ပြဒါးဝိဇ္ဇာ** ဩ မဟာနုတာဝေါ တေဇောဓာတု၊ သမဏော သဗ္ဗသိဒ္ဓိ ပူရဏော ဝိဇ္ဇာရောစရိယော၊ မှဟိဒ္ဓိ သိဒ္ဓိကိစ္စံ သွဟာယျ သွဟုံ။

**ဆေးဝိဇ္ဇာ** ဩစတုဓာတု ပသိဒ္ဓံ၊ မဟောသဓံ သင်္ခတာ ဥဇ္ဇာ ရေဝံ သဗ္ဗသိဒ္ဓိသွဟုံ။

**သံဝိဇ္ဇာ** ဥုံ မဟာဝိဇ္ဇာခရာ စရိယေန-ပထမံ အသမ္ဘိန္န
လောဟာဓာတု ပသိဒ္ဓိ သဗ္ဗသိဒ္ဓိသွာဟုံ။

**အင်းဝိဇ္ဇာ** ဥုံ အဂ္ဂဗိန္ဒုစ ပထမံ စတုက္ခရံ စတုမာတုံ အင်္ဂ
ဝိဇ္ဇာမရေန သဗ္ဗသိဒ္ဓိဇယော ဇယတု သွာဟာယုံ၊
သွာဟုံ။

* * *

## ဆေး၊ အင်း၊ လက်ဖွဲ့ အဆောင်ဟူသမျှ သိဒ္ဓိတင် ဂါထာများ

(၁) ပုဗ္ဗေစ အရိယာသီသော၊ လာဘိကာလော သိဒ္ဓေ ဟဒကာ၊ ဧတေန သိဒ္ဓိတေဇေန၊ သဗ္ဗသိဒ္ဓိဘဝ တုမေ။

(၂) ဗြဟ္မာပါရိ သင်္ဃာစေဝ၊ ဗြဟ္မပုရောဟိတာပိစ မဟာ ဗြဟ္မာစ သိဒ္ဓိကိုစ၊ ပရိတ္တာဘာ အပ္ပမာဏာဘာ၊ အာဘာဿရာစ၊ သိဒ္ဓိကာ။

(၃) သိဒ္ဓိဗုဒ္ဓါ သိဒ္ဓိဓမ္မာ၊ သိဒ္ဓိသံဃာ ဥတ္တမာစ၊ သိဒ္ဓိသဗ္ဗ သရိယာနံ၊ သဗ္ဗသိဒ္ဓိ ဘဝန္တု မေ။

အထက်ပါ သုံးဂါထာကို ဆေး၊ အင်း၊ လက်ဖွဲ့၊ အနုကုန် တိုက်၊ သူရဿတီရုပ်ထု၊ ရှင်သီဝလိမှစ၍ အဆောင်အမျိုးမျိုး တို့ကို မိမိကြိုက်နှစ်သက်ရာ ဂါထာဖြင့် သိဒ္ဓိတင်လေ။

× × ×

## ရှင်ဥပဂုတ္တ စီရင်နည်း

တံငါသည်များ အသုံးပြုသော ပိုက်ကွန်မှ ဆွဲထားသော ခဲသီးကို တိတ်တဆိတ်အရယူ၊ လိုသလောက်ရလျှင် ရှင်ဥပဂုတ္တ ပုံသဏ္ဍာန်ထု။

ထုရန်ပုံသဏ္ဍာန်ကားသပိတ်တော်ကို လက်ဝဲလက်ပေါ်တွင် တင်၍ လက်ယာလက်တော်ဖြင့် နှိုက်လျက် နေမင်းကို မော့ လျက် စောင်းငဲ့ကြည့်နေဟန် တင်ပလ္လင်ခွေပုံထု၊ အောက်ခံ ပလ္လင်ပါရစေမည်။

ပလ္လင်အောက် အလယ်ဗကိုတွင် လေးကွက်အင်းချ၍ (စ-ဓ၊ဗ-ဝ)အင်းဆန်သွတ်၊ နဖူးတော်တွင်(သုည)ရေး၊သိမ် အတွင်း၌တွင် အောက်ပါ ဂါထာနှင့် တစ်ထောင်စုတ်။

ဥုံ ဒိန္နေ ဒိန္နေ နမာမဟာ၊ ဥပဂုတ္တမဟာထေရ၊ မာရံဗန္ဓေန ဗန္ဓိတံ ရူဒ္ဓိမန္တံ၊ သောနောဋ္ဌာနံ၊ အာဂစ္ဆတု၊ အန္တရာယာ ဝိနာသန္တု၊ ဝိဿာသာမိတ္တာဝါဝဟာတု၊ သုခံဒေတု ပုရာပုဏ္ဏံ။

၎င်းဂါထာနှင့်စုတ်ပြီးလျှင် ဘုရားရွှေတော်ဝယ်သမ္ဗုဒ္ဓေ ၁၀ဂ၊ ဣတိပိသော ၁၀ဂ၊ သုပ္ပဒို ပဋ္ဌာန ၁၀ဂ စုတ်၍ ဆောင်လေ။

၎င်းရှင်ဥပဂုတ္တရုပ်ထုတော်ကို ညဉ့်စဉ်အိပ်ရာမဝင်မီ ဆီမီး ရေချမ်း ကပ်လှူပြီး ငါးပါးသီလခံယူ၍ ရှင်ဥပဂုတ္တ ဂါထာကို ပါ ခုနစ်ခေါက်ရွတ်၍ အိပ်လေ။

ဇောဂါဘယအပေါင်း ကင်းရှင်း၍ ရန်အမျိုးမျိုးမှ လွတ်ငြိမ်းလိမ့်မည်၊ ဘုန်းကျက်သရေ ဩဇာတန်ခိုးရှိမည်၊ သူ မကြံဝံ့၊ မကောင်းဆိုးဝါးများ မချဉ်းကပ်ဝံ့၊ တစ်နေ့ စာစ်ခြား စီးပွားတက်မည်။

အိပ်မက်ကောင်း အတိတ်ကောင်းယူလိုက ဆီမီးနှင့် ရေချမ်းကပ်ပြီး အဓိဋ္ဌာန်ဆုတောင်း၍ ယူလေ။

× × ×

# နိဂုံး

သာသနာလျှင်၊ ဗျတ္တာအစ၊ ရေနာဂနှင့်၊ ဥဒ္ဒုံရနောက်၊ ကျွားမင်းရောက်သော်၊ ထွန်းတောက်ကြတ္တိ၊ နဘာံဆီထည့်၊ ထို ဤလူပိုလ်၊ မျှားထိုထိုတို့၊ မြင့်မိုရ်မီးပွဲ၊ ဆင်ကာနွဲ့ခိုက်၊ ဝမ်းထဲ ရှင်ခွေ့၊ ပြုစုလေ့ဖြင့်၊ လက်တွေ့ပညာ၊ မဟာဒီပံ၊ ရောင်လျှံ မြူးကြိုက်၊ ဤအင်းသိုက်မူ၊ လူနိုက်ကောင်းကျိုး၊ ပင့်ဆော်နိုး ဖို့၊ ကြိုးပမ်းစီကုံး၊ ရှင်ပြုံးပြုံးလျှင်၊ နိဂုံးကာမှတ်၊ အဆုံးသတ်ခဲ့၊ နတ်လျှင်ကြည်ဖြူ၊ လူလျှင်လိုလား၊ ပညာများကို၊ နောက် သားလူရှင်၊ ကောင်းကျိုးမြင်၍ စီစဉ်သိုက်မြိုက်၊ ပုံနှိပ်ရိုက် သည်၊ လူ၌ကောင်းကျိုး များစေသောဝ်၊

ဤတွင်....

လွှက်တွေ့မဟာဒီပံအင်းသိုက်ကျမ်းကြီး

အပြီးသို့ ရောက်သတည်း၊

**ဆရာ-ဦးသက်ရှည်**

မဟောသရဂိုဏ်းတော်ကြီးဆရာ

ဗဟန်း၊ ရန်ကုန်မြို့၊